ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့် ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။

ယမကဝဂ်(ဓမ္မပဒ-၅)

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ 27, Monday June 2016 (၈၆၀၅)



ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

# လူငယ်ထု မူးယစ်ဆေးသုံးစွဲမှုလျော့နည်းရေး အလေးထားဆောင်ရွက် ဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက် ဒေသခံများ၏အခြေခံများ ထည့်သွင်းစဉ်းစား

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှတစ်ဆင့် မူးယစ်ဆေးဝါးပြဿနာကို သိသာထင်ရှားစွာ လျော့နည်းကျဆင်းအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အနေဖြင့် ဘိန်းစိုက်ပျိုးမှု တိုက်ဖျက်ရေး စစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေးနည်းလမ်းများအရ အမျိုးသားပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်များကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်မှုရရှိလာသည်နှင့်အမျှ မူးယစ်ဆေးဝါးထိန်းချုပ်မှုများသည်လည်း ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် ဥပဒေ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

# ယူရိုငွေ ၃ ဒသမ ၁၂ သန်း တန်ဖိုးရှိ ပုလဲအတွဲပေါင်း ၃၁၂ တွဲ ရောင်းချရ

**နေပြည်တော် ဇွန် ၂၆**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့၌ ယူရိုငွေ ၃ ဒသမ ၁၂ သန်း တန်ဖိုးရှိ ပုလဲအတွဲပေါင်း ၃၁၂ တွဲကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် ရောင်းချနိုင်ခဲ့သည်။

ယနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၁၁၃ တွဲကို ဆက်လက်ရောင်းချရာ ယူရိုငွေ ၀ ဒသမ ၇၆ သန်း တန်ဖိုးရှိ ပုလဲအတွဲ ၈၉ တွဲကို လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲအတွဲ ၂၇ တွဲကို ရောင်းချရာ ယူရိုငွေ ၀ ဒသမ ၆၀ သန်း တန်ဖိုးရှိ ပုလဲအတွဲ ၂၃ တွဲကို လည်းကောင်း ရောင်းချပေးခဲ့သည်။

ပြပွဲစတင်ကျင်းပချိန်မှ ယနေ့အထိ ပုလဲအတွဲပေါင်း ၃၃၈ တွဲအနက် အတွဲပေါင်း ၃၁၂ တွဲကို ဈေးပြိုင်စနစ်၊ အိတ်ဖွင့်တင်ဒါစနစ်တို့ဖြင့် ရောင်းချခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ခင်းကျင်းရောင်းချနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၅၁၂ တွဲကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့၌ ရတနာကုန်သည်များ ပုလဲအတွဲများကို ကြည့်ရှုဝယ်ယူနေကြစဉ်။ (ဓာတ်ပုံ-အေးသန်း)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဇွန် ၂၆ ။** ။ ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**



ကြေးမုံ

# ပြဟ္မစိုရ်တရားလက်ကိုင်ထား စောင့်ရှောက်ကူညီ

အသက် (၁၈) နှစ်နှင့်အထက် အလုပ်လုပ်နိုင်သူ နိုင်ငံသား ၂၆ သန်းရှိသည်ဟု ၂၀၁၄ ခုနှစ်ကကောက်ယူခဲ့သည့် လူဦးရေစာရင်းအရ သိရသည်။ ထိုနိုင်ငံသားများတွင် ပြည်ပ၌အလုပ်လုပ်ကိုင်နေသူ မြန်မာနိုင်ငံသားများလည်းပါဝင်နိုင်ရာ အိမ်နီးချင်းထိုင်းနိုင်ငံ တစ်နိုင်ငံတည်းတွင်ပင် တရားဝင်မှတ်ပုံတင်၍ အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းလုပ်သား နှစ်သန်းခန့်ရှိပြီး အထောက်အထားမဲ့ မြန်မာလုပ်သားများမှာလည်း သန်းနှင့်ချီရှိနေပေလိမ့်မည်။ ကျန်နိုင်ငံများတွင်လည်း လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများလည်း အမြောက်အမြားရှိနေမည်ဖြစ်သည်။

အဆိုပါလုပ်သားများမှာ အလုပ်လုပ်နိုင်သော လူငယ်၊ လူလတ်အရွယ်များဖြစ်ပြီး ပြည်ပသို့ယိုဆင်းနေသော မြန်မာလူ့စွမ်းအားအရင်းအမြစ်များဟုလည်း ဆိုနိုင်သည်။ ထိုလူငယ်၊ လူလတ်များမှာ ပြည်ပတွင် အစစအရာရာအဆင်ပြေလွန်းသဖြင့် ကိုယ့်ရပ်ကိုယ့်ရွာနှင့် ကိုယ့်မိသားစုကို စွန့်ခွာသွားရောက်လုပ်ကိုင်နေခြင်းမဟုတ်။ ပြည်ပတွင် ဒုက္ခမျိုးစုံ၊ ပင်ပန်းဆင်းရဲခြင်းမျိုးစုံခံကာ လုပ်ကိုင်နေကြသူများဖြစ်သည်။ ထိုလုပ်သားများ လစဉ်စုဆောင်းမိငွေမှာ ကျပ်တစ်သိန်း၊ နှစ်သိန်းထက်မပိုချေ။ အချို့ဆိုလျှင် ဘဝရပ်တည်မှုပင် အနိုင်နိုင်ဖြစ်ကာ ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့နေရသည်။ ထိုကဲ့သို့သော ပြည်ပရောက်လုပ်သားများတွင် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းလုပ်သားများမှာ အများဆုံးဖြစ်သည်။

မိဘဟူသည် တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိ။ ကောင်းသောသားသမီးများအတွက် ဝမ်းမြောက်ပီတိဖြစ်သလို ဆိုးသွမ်းသော၊ ဒုက္ခအခက်အခဲတွေ့နေသော သားသမီးများကိုလည်း ကရုဏာ၊ မေတ္တာဖြင့် စောင့်ရှောက်လေ့ရှိသည်။ ထို့အတူပင် နိုင်ငံကိုအုပ်ချုပ်သော အစိုးရသည်လည်း နိုင်ငံသူ နိုင်ငံသားများအား မိဘ၏သဘောထားကဲ့သို့ ချီးမြှောက်သင့်သူကို ချီးမြှောက်သလို စောင့်ရှောက်သင့်သူကိုလည်း စောင့်ရှောက်ကြသည်။

မြန်မာနိုင်ငံသား အလုပ်လုပ်ကိုင်ကြသူများတွင် အိုးမကွာ၊ အိမ်မကွာ လုပ်ကိုင်ကြသူများမှာ ဆိုဖွယ်မရှိသော်လည်း အိုးပစ်၊ အိမ်ပစ်လုပ်ကိုင်ကြရသူများ၏ဒုက္ခမှာ ကြီးမားလှသည်။ ထို့ကြောင့် အိုးပစ်၊ အိမ်ပစ် ပြည်ပတွင် အလုပ်လုပ်ကိုင်ကြသော သန်းပေါင်းများစွာရှိသည့် မြန်မာလုပ်သားများ အနက် ဒုက္ခအရောက်ဆုံး မြန်မာရွှေ့ပြောင်းလုပ်သားများအား အစိုးရသစ်တာဝန်ယူလျှင်ယူချင်း ပထမဦးစွာသွားရောက်တွေ့ဆုံအားပေးခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မေတ္တာ၊ ကရုဏာများမှာ မိဘက သားသမီးအပေါ်ထားရှိသည့် စေတနာများဟု ဆိုရမည်ဖြစ်သည်။

မြန်မာရွှေ့ပြောင်းလုပ်သားများနှင့်တွေ့ဆုံစဉ် သက်သေခံလက်မှတ်များရရှိရေး၊ နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေး၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ လုံလုံခြုံခြုံဖြင့် အလုပ်လုပ်နိုင်ရေး၊ မြန်မာနိုင်ငံသားများအတွက် အဆင်ပြေစေချင်သကဲ့သို့ အိမ်ရှင်နိုင်ငံအတွက်လည်း အဆင်ပြေစေရေး၊ အားလုံးအတူတူဖွံ့ဖြိုးတိုးတက်အောင် လက်တွဲဆောင်ရွက်ရေး၊ တစ်ဦးနှင့်တစ်ဦး ညီညွတ်မှု၊ နားလည်မှု၊ ချစ်ကြည်မှုရှိရေး၊ အလုပ်သမားအခွင့်အရေး ဥပဒေများကို လေးစားလိုက်နာရေး၊ အချင်းချင်းရိုင်းပင်းကူညီရေး၊ တာဝန်သိသူဖြစ်ရန်နှင့် စည်းစည်းလုံးလုံး နေထိုင်သွားရေး၊ လုပ်အားခ တန်းတူညီမျှရရှိရေးစသည်တို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရသည်။ ထို့အပြင် နိုင်ငံသားများ၏ ပြဿနာသည် မိမိတို့အစိုးရအပေါ်တွင် တာဝန်ရှိကြောင်း၊ ပစ်ပယ်ထားခြင်း၊ မသိသလိုနေခြင်း ပြုလုပ်မည်မဟုတ်ကြောင်း၊ တရားဥပဒေဘောင်အတွင်းမှ တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။

ကာလရှည်ကြာဖြစ်တည်နေသော ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၏ ဘဝဒုက္ခများမှာ ကြီးမားလှသည်။ ယင်းကို ဦးစားပေးအလေးထားကာ ဖြေရှင်းပေးလို၍ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ဆန္ဒမှာ ရွှေ့ပြောင်းလုပ်သားများအတွက်သာမက ပြည်သူ၊ ပြည်သား အားလုံးအတွက်ပင်ဖြစ်သည်။ ပြည်သူ့အကျိုးအတွက် ပြုပြင်ပြောင်းလဲရန်လိုအပ်နေသည့် တိုင်းပြည်၏ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်တို့ကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

ပြည်သူ့အကျိုးကိုလိုလားသော ပြည်သူရွေးချယ်သည့်အစိုးရက ပြဟ္မစိုရ်တရားလက်ကိုင်ထား၍ ပြည်သူကို စောင့်ရှောက်ကူညီခြင်းမည်ပေသည်။ ။

# ပရိယတ္တိစာသင်တိုက်နှင့် သာသနာ့ရိပ်သာ၌ စက်ရေတွင်းများ တူးဖော်လှူဒါန်း

**တောင်ကြီး ဇွန် ၂၆**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် သောက်သုံးရေရှားပါးပြီး ရေအခက်အခဲရှိနေသော မြန်မာပြည်အနှံ့အပြားရှိဒေသများတွင် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးလျက်ရှိရာ ဇွန် ၂၄ ရက်က သိမ်တောင်ပရိယတ္တိစာသင်တိုက်မှ စက်ရေတွင်းသည် အနက်ပေ ၅၆၅ ပေ အရောက်တွင် တစ်နာရီရေဂါလန် ၁၅၀၀ ဖြင့်လည်းကောင်း၊ တောင်ကြီးမြို့ မဟာစည်သာသနာ့ရိပ်သာတွင် တူးဖော်လှူဒါန်းလျက်ရှိသော စက်ရေတွင်းမှ အနက်ပေ ၉၀ အရောက်တွင် တစ်နာရီရေဂါလန် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း သန့်ရှင်းသောသောက်သုံးရေများကို တစ်ပြိုင်နက်တည်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့ကြောင်း သိရသည်။

"သိမ်တောင်ပရိယတ္တိစာသင်တိုက်ဟာ နှစ်စဉ်ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ပါဠိပထမပြန်၊ စာချတန်း၊ ဂုဏ်ထူးတန်း၊ MA တန်းအောင် သာမဏေကျော်တွေနဲ့ ရဟန်းတွေကိုမွေးထုတ်ပေးတဲ့နေရာဖြစ်ပါတယ်။ အခုလို မွန်မြတ်လှတဲ့နေရာမှာ ကျွန်တော်တို့ဖောင်ဒေးရှင်းအနေနဲ့ ရေကောင်းရေသန့်တွေ တူးဖော်လှူဒါန်းခွင့်ရတဲ့အတွက် ရင်ထဲမှာ ဖော်မပြတတ်အောင်ပဲ ကြည်နူးဝမ်းသာရပါတယ်။ ပိုပြီးကြည်နူးဝမ်းသာမိတာကတော့ တစ်ပြိုင်နက်တည်းတူးနေတဲ့ တောင်ကြီးမြို့ မဟာစည်သာသနာ့ရိပ်သာမှာ တစ်နေ့ထဲ တစ်ချိန်ထဲ ရေအောင်ခြင်းဖြစ်ပါတယ်။ ဒီလို ဘာသာရေးအတွက် အထွတ်အမြတ်နေရာနှစ်နေရာမှာ တစ်ပြိုင်နက်တည်း ရေအောင်တယ်ဆိုတာ ထူးခြားတဲ့ဖြစ်စဉ်တစ်ခုပါ။ အခုဆိုရင် အင်္ဂလန်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်းခွဲနဲ့ဝယ်ယူထားတဲ့ ခေတ်မီရေတွင်းတူးစက်ကြီးနဲ့ တူးဖော်ဖို့ အလွန်ခက်ခဲတဲ့နေရာတွေမှာ အောင်မြင်စွာ တူးဖော်လှူဒါန်းနေပြီဖြစ်ပါတယ်" ဟု ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ရေတူးဖော်ရေး စီမံကိန်းတာဝန်ခံ ဦးကျော်ကျော်စိုးက ပြောသည်။

ထိုသို့ တူးဖော်လှူဒါန်းမှုကြောင့်သိမ်တောင်ပရိယတ္တိစာသင်တိုက်တွင် သံဃာအပါး ၁၇၀ နှင့် အခြားဘုန်းတော်ကြီးကျောင်းများမှ စာဝါလိုက်သောသံဃာများ၊ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်၍ တက်ရောက်သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းတိုက်မှ သံဃာတော်များအတွက်နှင့်



မဟာစည်သာသနာ့ရိပ်သာမှ ရိပ်သာဝင်သူတော်စင်များအတွက် ရေကောင်းရေသန့်များ ရရှိနေပြီဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် မြန်မာပြည်အနှံ့အပြားတွင် အဝီစိရေတွင်းတူး စက်ကြီးခုနစ်စီးဖြင့် စက်ရေတွင်းစုစုပေါင်း ၁၄၆ တွင်းကို တူးဖော်လှူဒါန်း ပေးခဲ့ပြီး သောက်သုံးရေလိုအပ်နေသောနေရာများတွင် ယနေ့အထိ ဆက်လက် တူးဖော်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ဝ၁ဝ)**

❒

# လားရှိုးမြို့ အခြေခံပညာကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**လားရှိုး ဇွန် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဝန်ထမ်းများ၏ ရက် ၁၀၀ စီမံချက်အရ အခြေခံပညာသင်ကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၄ ရက်က လားရှိုးမြို့ပေါ်ရှိ ကျောင်းလေးကျောင်း၌ အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ "ဒါ ဒုတိယအကြိမ် ကွင်းဆင်းဆောင်ရွက်တာပါ။ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၅၊၇၊၈၊၉)တို့မှာ တစ်ရက်တည်း လေးဖွဲ့ခွဲပြီး (၆၊၇၊၈) အတန်းတွေကို ကွင်းဆင်းပေးခဲ့ပါတယ်။ ကျန်ရှိနေသေးတဲ့ (၄၊၅၊၆)အတန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားဖို့ရှိပါတယ်"ဟု လားရှိုးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပထမအကြိမ်ကွင်းဆင်းခြင်းကို ဇွန် ၁၈ ရက်က အခြေခံပညာအထက်တန်းကျောင်း (၄၊၅၊၆၊၈)တန်းတို့၌ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၂ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစောနိုင်၏လမ်းညွှန်မှုဖြင့် လားရှိုးခရိုင်ဦးစီးမှူးက ဦးစီးကာ အလက(၅)တွင် ၃၈ ဦး၊ အလက(၇)တွင် ၇၃ ဦး၊ အလက(၈)တွင် ၆၇ ဦး၊ အလက(၉)တွင် ၄၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



# သိပ္ပံနည်းကျမျိုးစေ့ချပွဲ ကျင်းပ

**ညောင်တုန်း ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျုံတုံးကလေးကျေးရွာ ကွင်းအမှတ်(၅၁၈) တောင်သူကြီး ဦးထွန်းထွန်းနိုင်၏လယ်တွင် GAP စနစ်ဖြင့် မိုးစပါးပေါင်ဖော်မျိုးစေ့ချပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းညွှန့်က သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း အကျိုးကျေးဇူးများ၊ တစ်ဧကစိုက်ပျိုးမည့်မျိုးစပါး၊ ထွက်ရှိနိုင်သည့် နှုန်းထားများ၊ ဓာတ်မြေသြဇာစနစ်တကျကျွေးခြင်းတို့ကို ဆွေးနွေးပြီးနောက် ကွင်းဝန်ထမ်းနှင့် တောင်သူများက မျိုးစေ့ချဆောင်ရွက်ကြကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ဝ၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၂၈၊ ဝ၆၇-၃၆၁၃၀၊ ဖက်စ် ဝ၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ဝ၁-၂၉၂၈၃၂
မန်နေဂျာ ဝ၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ဝ၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ဝ၁-၂၉၂၈၃၀၊ ကြော်ငြာ ဝ၁-၃၉၇၇၃၃၀၊ ဖက်စ် ဝ၁-၂၈၃၃၅၁

**✱ ရှေ့ဖုံးမှ**

နည်းဥပဒေများပြဋ္ဌာန်းပြီး အခြားအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးမှုအပြင် စိတ်ကြွရူးသွပ်ဆေးဝါး ထုတ်လုပ်မှု၊ သုံးစွဲမှု စသည့် စိန်ခေါ်မှုများနှင့် ထပ်မံရင်ဆိုင်လာရခြင်းအပေါ် ၂၀၁၅ ခုနှစ် အာဆီယံဒေသ မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်နှင့် ၂၀၁၅ ခုနှစ် အလွန် မူးယစ်ဆေးဝါးလျှော့ချရေးလုပ်ငန်းစဉ်များနှင့်အညီ မူးယစ်ဆေးဝါး ပပျောက်ရေး စတုတ္ထ(၅)နှစ်စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကျဆင်းခြင်းဘက်သို့ ဦးတည်လာခဲ့သည်ကို UNODC ၏ အစီရင်ခံစာများ၌ တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ် သုံးစွဲမှုများကိုအခြေခံပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ချဉ်းကပ်မှုပုံစံသစ်များကို ရေးဆွဲဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကမ္ဘာ့မူးယစ်ဆေးဝါးဈေးကွက်၊ အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို တန်ပြန်နိုင်မည့် တားဆီးနှိမ်နင်းရေး ရည်မှန်းချက်များကို မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကြိုးကိုင်သူများနှင့် ကျူးလွန်သူများကို ဥပဒေနှင့်အညီ တိတိကျကျ ဖော်ထုတ်အရေးယူသွားရန်လိုအပ်ကြောင်း။

လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် မှုခင်းများလျှော့ချရေးကို အလေးထားဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူ့အသိုင်းအဝိုင်းအတွင်း မူးယစ်ဆေးဝါး အန္တရာယ်လျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးမှုခင်းများသည် နယ်စပ်ဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သည့် သဘောသဘာဝရှိသည့်အတွက် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင် ကုန်ပစ္စည်းများသယ်ဆောင်ရောင်းဝယ်မှု မှုခင်းများသည် ကုန်သွယ်ရေးဖွံ့ဖြိုး တိုးတက်လာမှုများအပေါ် အခွင့်ကောင်းယူဆောင်ရွက်လာကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ် ဝင်/ထွက်ပေါက်များ၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကဏ္ဍများတွင် ဌာနချင်း ပေါင်းစပ်ညှိနှိုင်းမှု၊ ဒေသတွင်း ပေါင်းစပ်ညှိနှိုင်းမှုနှင့် သတင်းဖလှယ်မှုယန္တရားများ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျနေသေးသည့်ဒေသများ၌ တရားမဝင်ဘိန်းစိုက်ပျိုးမှု လျှော့ချရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံများ၏ ယဉ်ကျေးမှု၊ ထုံးဓလေ့နှင့် လူမှုရေးအခြေခံများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေတိုရေရှည်စီမံချက်များဖြင့် အလေးထား ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ပြီး ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် အစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဈေးကွက်ရရှိရေး၊ ဝင်ငွေရလုပ်ငန်းများဖန်တီးပေးရေး၊ စွမ်းအားမြှင့်တင်ရေးစီမံကိန်းများ၏ Ownership မှ ဒေသခံများ၏ Ownership သို့ လွှဲပြောင်းရောက်ရှိစေရေးနှင့် မြေယာအသုံးချခွင့် စသည့်လုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေး၏ နောက်ဆက်တွဲအန္တရာယ် လျှော့ချရေးလုပ်ငန်းစဉ်များကို ပူးတွဲဆောင်ရွက်ကြရမည်ဖြစ်ပြီး ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ဝန်ဆောင်မှုအခွင့်အရေးများ လက်လှမ်းမီစေရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စနစ်ကျသည့် ကုသရေးစနစ်များ တည်ထောင်ရန်လိုအပ်ပြီး လူထုအခြေပြု မူးယစ်ဆေးစွဲကုသရေးလုပ်ငန်းစဉ်များ ဖော်ဆောင်သွားကြရန်နှင့် လူမှုရေး ပံ့ပိုးမှုများပါဝင်သည့် လူမှုဖူလုံရေးလုပ်ငန်းစဉ်များကိုပါ ပေါင်းစပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာ ဆောင်ရွက်သွားရန် တာဝန်ရှိမည်ဖြစ်ပါကြောင်း၊ သို့မှသာ အစိုးရနှင့် လူ့အဖွဲ့အစည်းများအကြား ပွင့်လင်းမြင်သာမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

မူးယစ်ကင်းစင် ကမ္ဘာတစ်ခွင်ဖြစ်လာရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် မိမိနိုင်ငံ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အမျိုးသားမဟာဗျူဟာလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. JeremyDouglas က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ အလွတ်တမ်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကိုပြသပြီး ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)အတွင်း ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးမှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

(၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိပြီး ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့၌ စုစုပေါင်း မြန်မာကျပ်ငွေ ၆၆၇၃၂ သန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■



# မန္တလေးမြို့၌ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**မန္တလေး ဇွန် ၂၆**

(၂၉)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် သိမ်းဆည်းရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီ က အောင်မြေသာစံမြို့နယ် ရွှေမန်းတောင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးမျာအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏သဝဏ်လွှာအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်က ဖတ်ကြားသည်။

ထို့နောက်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဝတ္ထုတို၊ တေးသီချင်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ဗဟိုအဆင့်(အလွတ်တန်း)နှင့် ဗဟိုအဆင့်(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) အဆင့်များတွင် ဆုရရှိသူများအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကဆုများ ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်တို့သည် မန္တလေးတိုင်းဒေသကြီးနှင့်မြန်မာပြည်အထက်ပိုင်းဒေသများမှ သိမ်းဆည်းရမိခဲ့ပြီး မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ စိတ်ကြွဆေးများ၊ ထိန်းချုပ်ဓာတုဆေးဝါးများအား ကြည့်ရှုစစ်ဆေးပြီး စက်ခလုတ်ခုံတွင် နေရာယူပြီး မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးပေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် ပြခန်းများအားလှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# မြန်မာ့ဂီတနေ့အခမ်းအနား သန်လျင်၌ကျင်းပ

**ရန်ကုန် ဇွန် ၂၆**

သန်လျင်မြို့နယ် ဂီတအစည်းအရုံးမှကြီးမှူးကျင်းပသည့် မြန်မာ့ဂီတနေ့ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် မြမြင့်မိုရ်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှပေးပို့သော မြန်မာ့ဂီတနေ့ သဝဏ်လွှာကို တွဲဖက်အတွင်းရေးမှူး ဦးသက်ဆွေကဖတ်ကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်က မြန်မာ့ဂီတနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂီတပညာရှင်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ကြသည်။ ယင်းနောက် သန်လျင်မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဂီတစာဆိုသန်လျင်စိုးသိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဂီတပညာရှင်များဖြစ်ကြသော အဆိုတော် စိန်ဝင်းထွန်း၊ အောင်နိုင်နှင့် ဂီတပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**သန်းဝင်း (သန်လျင်)**

# သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး ကာလတန်ဖိုး ကျပ် ၂၃၃၈၉ ဒသမ ၁၉ သန်းအား လှိုင်သာယာ ကုန်တင်ယာဉ်ရပ်နားစခန်း၌ မီးရှို့ဖျက်ဆီး

**ရန်ကုန် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားနှင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကာတွန်းအလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ကုန်တင်ယာဉ်ရပ်နားစခန်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူတို့က မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြပြီး Diazepam နှင့် Morphine ထိုးဆေးပုလင်းများအား အုတ်ကန်အတွင်းသို့ ပစ်ပေါက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်၍လည်းကောင်း မီးရှို့ဖျက်ဆီးကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့နှင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့တို့မှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး ၁၆ မျိုးကို မီးရှို့ဖျက်ဆီးခြင်းဖြစ်ပြီး ကာလပေါက်ဈေး စုစုပေါင်းတန်ဖိုးမှာ မြန်မာကျပ်ငွေ ၂၃၃၈၉ ဒသမ ၁၉ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇၀ သန်းကျော်ရှိသည်။

ဆက်လက်၍ နံနက် ၉ နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်)၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကာတွန်း အလွတ်တန်းပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ပြိုင်ပွဲအသီးသီးတွင် ဗဟိုအဆင့် ၄၂ ဆုနှင့် တိုင်းဒေသကြီးအဆင့် ၉၃ ဆုတို့ရရှိခဲ့ကြသည့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ၇၂ ဦးနှင့် အလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူ ၁၃ ဦးနှင့် အကဲဖြတ်ဒိုင် အဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ကြပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုအား ပြသကာ ဆုရရှိသူများ၏ ပြိုင်ပွဲဝင်လက်ရာများနှင့် မှတ်တမ်းဓာတ်ပုံ ပြခန်းများကို အခမ်းအနားသို့ တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**



# တရုတ်(တိုင်ပေ)နှင့် တရားဝင်ဆက်သွယ်မှုများ ရပ်ဆိုင်းလိုက်ပြီဟု တရုတ်တာဝန်ရှိသူများပြော



**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)နှင့် တရားဝင်ဆက်သွယ်မှုများကို ရပ်ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများ၏ပြောကြားချက်ကို ကိုးကားပြီး ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်(တိုင်ပေ)၏ အစိုးရအဖွဲ့သစ်က နိုင်ငံတစ်နိုင်ငံ စနစ်နှစ်မျိုးအခြေခံမှုကို အသိအမှတ်ပြုရန် ငြင်းဆန်ခြင်းကြောင့် တရားဝင်ဆက်သွယ်မှုများကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ယင်းနှင့်သဘောထားကွဲလွဲနေသော ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားသည်။ လွန်ခဲ့သည့်လက တရုတ်(တိုင်ပေ)သမ္မတအဖြစ် ဆိုင်အင်ဝမ် တာဝန်ယူခဲ့ပြီးချိန်မှစ၍ ရေလက်ကြားဒေသဖြတ်ကျော် ဆက်ဆံရေးမှာ တင်းမာမှုများဖြစ်ပေါ်လာရသည်။

ဆိုင်အင်ဝမ်သည် တရုတ်(တိုင်ပေ)အား လွတ်လပ်ရေးကြေညာနိုင်ရန် ကြိုးပမ်းလာမည်ဟု တရုတ်အစိုးရက သံသယပွားလျက်ရှိသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ ကွန်မြူနစ်များနှင့် တရုတ်(တိုင်ပေ)၏ အမျိုးသားရေး ဝါဒီများက ၁၉၉၂ ခုနှစ်တွင် ရရှိခဲ့သော သဘောတူညီချက်ကိုမူ ဆိုင်အင်ဝမ်က အသိအမှတ်ပြုကြောင်း၊ ယင်းသဘောတူညီချက်အရ တစ်နိုင်ငံ စနစ်နှစ်မျိုးမူဝါဒကို ကျင့်သုံးရန်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

## မြို့ပြလေကြောင်းကဏ္ဍ၌ ကွန်ပျူတာကွန်ရက်များ လုံခြုံရေး ဆွေးနွေး

**နယူးဒေလီ ဇွန် ၂၆**

အိန္ဒိယနိုင်ငံ၏ မြို့ပြလေကြောင်းကဏ္ဍ၏ ကွန်ပျူတာကွန်ရက်များ တိုက်ခိုက်ခံရမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ပြည်ပအစိုးရဌာနများအတွင်း ကြိုတင်ကာကွယ်ရေးအစီအမံများ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သတင်းအချက်အလက်ဖလှယ်မှုများ တိုးမြှင့်ပြုလုပ်ကြရန် နိုင်ငံတကာလေကြောင်း သယ်ယူပို့ဆောင်ရေးအသင်း(IATA)က တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

လေကြောင်းဌာနများ၊ လေဆိပ်များ၊ လေကြောင်းထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းဌာနများကဲ့သို့သော အဖွဲ့အစည်း အသီးသီးသည် လေယာဉ်အဝင်အထွက်သတင်းအချက်အလက်များအတွက် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ မြို့ပြလေကြောင်းလုပ်ငန်းများ၏ သဘောသဘာဝအရ ပူးပေါင်းလုပ်ကိုင်ကြရချိန်တွင် ကွန်ပျူတာစနစ်များ ကမောက်ကမဖြစ်စေရန် ဟက်ကာများက အဖျက်အမှောင့် လုပ်ဆောင်လာနိုင်သည့် ဘေးအန္တရာယ်မှာ ကြီးမားကြောင်း ကွန်ပျူတာကွန်ရက် လုံခြုံရေးကျွမ်းကျင်သူပညာရှင်တစ်ဦးက ပြောကြားသည်။

နိုင်ငံတကာ လေကြောင်းသယ်ယူ ပို့ဆောင်ရေးအသင်း(IATA)က မကြာသေးမီက ပြုလုပ်ခဲ့ သော နိုင်ငံတကာ ညီလာခံတစ်ရပ်တွင် မြို့ပြလေကြောင်းကဏ္ဍ၌ ကွန်ပျူတာစနစ်များ ဘေးကင်းလုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးကိစ္စကို အလေးအနက်ပြု ဆွေးနွေးခဲ့ကြသည်။

**ပီတီအိုင်။**

## တရုတ်နိုင်ငံ ဟူနန်ခရိုင်တွင် ဘတ်စ်ကားတစ်စီးမီးလောင်၊ ၃၅ ဦးခန့် သေဆုံး

**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံ ဟူနန်ခရိုင်အတွင်း ခရီးသည်များတင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး ဇွန် ၂၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးငယ်နှစ်ဦးအပါအဝင် အနည်းဆုံး ၃၅ ဦးသေဆုံးခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

အဆိုပါဘတ်စ်ကားမီးလောင်ပျက်စီးခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၁ ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ ၎င်းတို့အနက် လေးဦးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ဇွန် ၂၆ နံနက် ၁၀ နာရီ ၂၀ မိနစ်အချိန်တွင် အဆိုပါဘတ်စ်ကားသည် ယီဆောင်မြို့အတွင်းရှိ အဝေးပြေးလမ်းမတစ်နေရာတွင် လမ်းဘေးလက်တန်းတစ်ခုကို ဝင်ရောက်တိုက်မိခဲ့ပြီး လောင်စာဆီယိုစိမ့်ထွက်ခဲ့ရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဒေသန္တရအစိုးရက ပြောကြားခဲ့သည်။

ဘတ်စ်ကားမီးလောင်ကျွမ်းနေချိန်တွင် ယာဉ်မောင်းမှာ သူ့ဘေးထိုင်ခုံပြတင်းပေါက်မှအပြင်သို့ လွတ်မြောက်သွားသော်လည်း ဘတ်စ်ကားထဲရှိ ခရီးသည်များမှာမူ အပြင်သို့မထွက်နိုင်ဘဲရှိခဲ့သည်။ ခရီးသည်တစ်ဦးက ကားပြတင်းမှန်တစ်ချပ်ကို မီးသတ်ဆေးဘူးဖြင့်ရိုက်ခွဲပြီး အပြင်သို့ထွက်ကာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ မျက်မြင်သက်သေတစ်ယောက် ရိုက်ကူးထားသော ဗီဒီယိုဖိုင်တစ်ခုတွင် ဘတ်စ်ကားက လမ်းဘေးလက်တန်းကို တိုက်မိခဲ့ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် မီးခိုးလုံးများကားထဲတွင် ပြည့်နှက်နေပြီး ကားတစ်စီးလုံး မီးလောင်ကျွမ်းခဲ့သည်ကို ပြသထားသည်။

ဘတ်စ်ကားမီးလောင်ကျွမ်းမှုဖြစ်ပွားပြီးနောက် အလားတူဖြစ်ရပ်မျိုး နောက်ထပ် မဖြစ်ပွားစေရန် ယာဉ်မောင်းများအနေဖြင့် သတိထားမောင်းနှင်ကြရန် ပြည်သူ့လုံခြုံရေးဝန်ကြီး ဂူရှိရှန်ကွမ်က တိုက်တွန်းပြောကြားခဲ့သည်။ အဆိုပါဘတ်စ်ကားယာဉ်မောင်းအား အာဏာပိုင်များက ဖမ်းဆီးထားကြောင်း သိရသည်။ **ဆင်ဟွာ။**






## သိမ်းဆည်းရမိထားသော မူးယစ်ဆေးဝါး ၁ ဒသမ ၅၆ တန် ကမ္ဘောဒီးယား၌ အခမ်းအနားဖြင့်မီးရှို့ဖျက်ဆီး

**ဖနောင်ပင် ဇွန် ၂၆**

လွန်ခဲ့သည့်နှစ်အတွင်း ဒုစရိုက်ဂိုဏ်းသားများထံမှ သိမ်းဆည်းရမိခဲ့သော ဆေးခြောက်၊ မီသာဖက်တမင်း စိတ်ကြွရူးသွပ်ဆေးနှင့် ဘိန်းဖြူ စုစုပေါင်းအလေးချိန် ၁ ဒသမ ၅၆ တန်ကို ကမ္ဘောဒီးယားအာဏာပိုင်များက ဇွန် ၂၆ ရက်တွင် အခမ်းအနားဖြင့် မီးရှို့ဖျက်ဆီးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို မြို့တော် ဖနောင်ပင်၌ ကျင်းပသည်။

ဆေးခြောက်အဆီ ၁ ဒသမ ၅ ကီလိုဂရမ်၊ မီသာဖက်တမင်း ၆၇ ဒသမ ၄ ကီလိုဂရမ်နှင့် ဘိန်းဖြူ သုည ဒသမ ၃၄ ကီလိုဂရမ်တို့ကို ယနေ့ ဖျက်ဆီးလိုက်နိုင်ပြီဖြစ်ကြောင်း အမျိုးသား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်၊ ဒုတိယဝန်ကြီးချုပ်လည်း ဖြစ်သူ ကေကင်ယန်းက မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် ပြောကြားသည်။

မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသော ရာဇဝတ်မှုခင်းများကို နှိမ်နင်းနိုင်ရန် စဉ်ဆက်မပြတ်တက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်သော နိုင်ငံမဟုတ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့ဒေသတစ်ဝန်းမှ မူးယစ်ဆေးဝါး မှောင်ခိုသမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို တွေ့ကြုံခံစားနေရသော နိုင်ငံဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မူးယစ်ဆေးဝါးဂိုဏ်းသားများသည် ကမ္ဘောဒီးယားနိုင်ငံကို မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်ရာ လမ်းကြောင်းတွင် ထည့်သွင်းထားကြောင်း ကေကင်ယန်းက ပြောကြားသည်။

**ဆင်ဟွာ။**



# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

ဗြိတိန်လူထုကတော့ ဗြိတိန်ကို ဥရောပသမဂ္ဂကနေ ခွဲထွက်ဖို့ ဆန္ဒမဲပေးဆုံးဖြတ်လိုက်ကြပါပြီ။ လူထုဆန္ဒခံယူပွဲရလဒ်က ပြတ်သားတဲ့ရလဒ်လို့တော့ မပြောနိုင်ပါဘူး။ ခွဲရေးက တွဲရေးကို ဆန္ဒမဲ ၃ ဒသမ ၈ ရာခိုင်နှုန်း အသာလောက်နဲ့ပဲ အနိုင်ရခဲ့လို့ပါ။ အခု ဗြိတိန်လူထုဆန္ဒခံယူပွဲရလဒ်အပေါ် ကမ္ဘာတစ်လွှားက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက ဘယ်လိုမှတ်ချက်ချဝေဖန်ကြတယ်ဆိုတာကို ကြည့်ရအောင်ပါ။

အပတ်စဉ်သတင်းမဂ္ဂဇင်း Le Point ကတော့ “ဗြိတိန်လူထုရဲ့ဆုံးဖြတ်ချက်ဟာ ဥရောပတိုက်တစ်တိုက်လုံးကို ငလျင်ကိုင်လှုပ်ခါရမ်းလိုက်သလိုပါပဲ” လို့ မှတ်ချက်ပေးဖော်ပြထားပါတယ်။ Le Monde မျက်နှာဖုံးခေါင်းစီးမှာတော့ “ဗြိတိန်ခွဲထွက်ရေးကတော့ နိုင်သွားပြီ။ ဈေးကွက်လှုပ်ရှားမှုတို့လည်း ဆုတ်ဆိုင်းကုန်ပြီ။”လို့ တိုတိုပြင်းပြင်းဖော်ပြထားပါတယ်။ အင်တာနက်စာမျက်နှာမှာ ရေးကြတဲ့ Le Point ဂျာနယ်လစ်တွေကတော့ ဗြိတိန်ခွဲထွက်ရေး (Brexit) အောင်ပွဲကို ရွှေ့ပြောင်းလုပ်သားရေးရာကိစ္စရပ်တွေက ဆုံးဖြတ်ပေးလိုက်တာပဲလို့ အခိုင်အမာပြောဆိုကြပါတယ်။ ဒီအချက်အပေါ်မူတည်ပြီး Le Point ဂျာနယ်လစ်တွေကတော့ ကျယ်ပြန့်လာတဲ့ ဆင်းရဲချမ်းသာကွာဟမှုတွေကြောင့် နဂိုကမှ ပိုင်းခြားခွဲထားသလိုဖြစ်နေတဲ့ ဗြိတိန်နိုင်ငံရဲ့ အခြေအနေဟာ လူမှုရေးတင်းမာမှုတွေ ပိုကျယ်ပြန့်လာနိုင်တယ်လို့ တွေးဆစိုးရိမ်နေကြတာပါ။ ဗြိတိန်လူထုအတော်များများက နိုင်ငံရွှေ့ပြောင်းလုပ်သားတွေဟာ အခွန်ထမ်းဗြိတိန်ပြည်သူတွေ ဖန်တီးထားတဲ့ လူမှုဖူလုံရေးခံစားခွင့်တွေကို အချောင်ခပ်ယူအမြတ်ထုတ်နေတယ်လို့မြင်ပြီး ခံပြင်းဒေါသထွက်နေကြတာပါ။ Le Figaro ရဲ့ အင်တာနက်စာမျက်နှာခေါင်းစီးကတော့ “ပြင်ပြောင်းလို့မရသောဆုံးဖြတ်ချက်ကို ချခဲ့ပြီးပါပြီ”လို့ဖော်ပြပြီး သူ့အမြင်သူ့သဘောထားကို တိုတိုတုတ်တုတ်ဖော်ပြထားပါတယ်။ Le Figaro ရဲ့ စကော့တလန်အထူးသတင်းထောက် Adrien Jaulmes ကတော့ “စကော့တလန်ဟာ သဟဇာတမဖြစ်တဲ့၊ အစေးမကပ်တဲ့ ပြည်ထောင်စုနှစ်ခုကြား ဘယ်ပြည်ထောင်စုနဲ့ လက်တွဲရမလဲဆိုတာဆုံးဖြတ်ဖို့တော့ ဖြစ်နေပါပြီ။ ဗြိတိန်ကနေ စကော့တလန်ခွဲထွက်ပြီး လွတ်လပ်ရေးယူ၊ မယူ လူထုဆန္ဒခံယူပွဲပြန်လုပ်ရမယ့်ကိန်းပါပဲ”လို့ ရေးသားထားပါတယ်။ လက်ရှိမှာ စကော့တလန်ဟာ စုစည်းညီညွတ်သောဗြိတိန်ဘုရင့်နိုင်ငံရဲ့ နယ်မြေအစိတ်အပိုင်းတစ်ခုဖြစ်လို့ ဗြိတိန်ပြည်ထောင်စုအဖွဲ့ဝင် နယ်မြေတစ်ခုပါ။ ဥရောပသမဂ္ဂကိုလည်း Adrien Jaulmes က ပြည်ထောင်စုပုံစံမျိုးရည်ညွှန်းပြောဆိုထားတာပါ။ စကော့တလန်ဟာ (၂၀၁၄)ခုနှစ်မှာ ဗြိတိန်ကနေခွဲထွက်ပြီး သီးခြားလွတ်လပ်ရေး ယူ၊ မယူ ဆန္ဒခံယူပွဲကျင်းပခဲ့ပေမယ့် ဗြိတိန်နိုင်ငံရဲ့ အစိတ်အပိုင်းနယ်မြေတစ်ခုဘက်ရပ်တည်ရေးက အနိုင်ရခဲ့ပါတယ်။ ပြောရရင် စကော့တလန်ပြည်သူအများစုဟာ ဥရောပသမဂ္ဂရဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်စေချင်ကြတာပါ။ Liberation ကတော့ “မြင်တွေ့နေကျ ဥရောပတိုက်မြင်ကွင်းပုံရိပ်တွေကို ပြန်ရှာတွေ့တော့မှာ မဟုတ်ပါဘူး”လို့ လွမ်းလွမ်းဆွေးဆွေးရေးသားထားပါတယ်။ Liberation ရဲ့အတွေးအမြင်ကဏ္ဍမှာတော့ “ဗြိတိန်လူထုကြား ခွဲရေးတစ်ဝက်၊ တွဲရေးတစ်ဝက်လို့ ပြောနိုင်




ကာတွန်းစာသားဘာသာပြန်

**“ကဲ အခု ငါတို့ပြဿနာတွေအတွက် ဘယ်သူ့ကို အပြစ်တင်ရင်ကောင်းမလဲ။”**

**(ဥရောပသမဂ္ဂရဲ့လွှမ်းမိုးမှုမှ လွတ်ကင်းသော်လည်း ပြဿနာတွေကနေ မလွတ်ကင်းနိုင်ပုံကို တင်ပြထားသော ကာတွန်း)**

လောက်အောင် နှစ်ပိုင်းကွဲပြားနေတဲ့ ဗြိတိန်နိုင်ငံ ဗြိတိန်လူထုဟာ ဥရောပသမဂ္ဂစည်းဝိုင်းအပြင်ကနေ အနာဂတ်သမိုင်းခရီးကိုချီတက်ကြပါတော့မယ်”လို့ ရှုမြင်သုံးသပ်ထားပါတယ်။ အီတလီနိုင်ငံ မီလန်မြို့ထုတ်သတင်းစာ Corriere della Sera နေ့စဉ်ထုတ်သတင်းစာရဲ့ လန်ဒန်သတင်းထောက် Beppc Servergnini က “မျက်မွေးတစ်ဆုံးကြည့်တဲ့ အင်္ဂလန်က အမြော်အမြင်ရှိတဲ့ ဗြိတိန်ကို အလဲထိုးလိုက်ပါပြီ”လို့ ကောက်ချက်ချခဲ့ပါတယ်။

ဂျာမန်သတင်းစာ Frankfurter Allgemeine Zeitung ကတော့ “ဗြိတိန်ခွဲထွက်ရေးအောင်ပွဲကို သံသယတို့၏အောင်ပွဲ”လို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ ဒီဂျာမန်သတင်းစာက “ယခုတော့ ဥရောပသမဂ္ဂဟာ တစ်သားတည်းသော ဥရောပတိုက်ကြီးဖြစ်အောင် ပူးပေါင်းလက်တွဲဆောင်ရွက်မှုတွေ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေဟာ နောက်ပြန်လှည့်နိုင်တယ်ဆိုတာကို အသိအမှတ်ပြု လက်ခံဖို့လိုနေပါပြီ။ ဘယ်ဥရောပနိုင်ငံကမှ ဗြိတိန်လိုခွဲထွက်ရေးကြိုးပမ်းမလာရအောင် ခွဲထွက်ရေးလုပ်ငန်းစဉ်တွေကို ယခုထက်ပိုမိုခက်ခဲလာအောင် စီစဉ်လာမယ့်အနေအထားတွေ မြင်နေရပါပြီ”လို့ရေးပြီး သူ့သုံးသပ်ချက်ကို ဖော်ပြထားပါတယ်။ နောက်ဂျာမန်သတင်းစာဖြစ်တဲ့ Der Tagesspiegel ကတော့ အထက်က သဘောထားကိုပဲ ကဗျာဆန်ဆန် “ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကြား ခွဲထွက်ရေးလှုပ်ရှားမှုတွေဟာ ဆင့်ကဲဆင့်ကဲပေါက်ကွဲပွင့်အန်ထွက်ပေါ်လာမယ့် အခြေအနေမျိုးကတော့ တုန်လှုပ်ချောက်ချားစရာ အကောင်းဆုံးမြင်ကွင်း” လို့ ခြယ်မှုန်းတင်ပြထားပါတယ်။ အီတလီသတင်းစာ La Stampa ကတော့ “၂၄ နာရီအတွင်း ကမ္ဘာကြီးရဲ့အတွင်း သရုပ်သဏ္ဌာန်ကတော့ အပြောင်းလဲကြီး ပြောင်းလဲသွားပါပြီ”လို့ ရည်ညွှန်းဖော်ပြထားပါတယ်။ စပိန်နိုင်ငံရဲ့ စောင်ရေအများဆုံးနေ့စဉ်သတင်းစာ EL Pais ကတော့ “ဗြိတိန်လူထုဆန္ဒခံယူပွဲက ဥရောပသမဂ္ဂဟာ ပြုပြင်ပြောင်းလဲဖွဲ့စည်းဖို့လိုနေပြီဆိုတာကို ရည်ညွှန်းဖော်ပြနေပါတယ်။ လန်ဒန်ဆန္ဒခံယူပွဲ အချက်ပေးခေါင်းလောင်းသံက ဥရောပသမဂ္ဂမှာ မကိုင်တွယ်မဖြေရှင်းရသေးတဲ့ ခြိမ်းခြောက်စိန်ခေါ်မှုတွေ စုပုံနေတာကို တပ်လှန့်လိုက်တာပဲ”လို့ ရေးသားထားပါတယ်။ စပိန်နိုင်ငံ မဒရစ်မြို့ထုတ် La Razon ကတော့ “ဗြိတိန်ခွဲထွက်ရေးဟာ ဥရောပသမဂ္ဂရဲ့ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့ ဘုံလုပ်ငန်းစဉ်တွေကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲဖို့ ရှောင်လွှဲမရအောင် တွန်းပို့နေပါတယ်”လို့ ဝေဖန်သုံးသပ်ထားပါတယ်။ ရိုမေးနီးယားနေ့စဉ်သတင်းစာ Evenimentul Zilei ကတော့ “ဥရောပတိုက်မှာ ဗြိတိန်ခွဲထွက်ရေး ကူးစက်ရောဂါကပ်ဆိုးကြီး ပျံ့နှံ့တော့မှာပဲ”လို့ စိုးရိမ်တကြီးရေးသားထားပါတယ်။ ဒီရိုမေးနီးယား သတင်းစာက ပြင်သစ်၊ အီတလီနဲ့ နယ်သာလန်နိုင်ငံတွေမှာ အမျိုးသားရေးဝါဒီတွေက ဥရောပသမဂ္ဂက ခွဲထွက်ရေး လူထုဆန္ဒခံယူပွဲတွေပြုလုပ်ဖို့ တောင်းဆိုလာနေတာတွေကို ထောက်ပြပြီး ဥရောပသမဂ္ဂကတော့ ပြိုလဲနေပါပြီဆိုတဲ့ သူ့အမြင်သူ့သဘောထားကို တင်ပြထားပါတယ်။

The New York Times သတင်းစာကတော့ “ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်စီမံရတဲ့ အစိုးရပုံစံကို ပထမဆုံးမွေးဖွားခဲ့တဲ့ နိုင်ငံ၊ နေမဝင်အင်ပါယာကို ထူထောင်ခဲ့တဲ့ နိုင်ငံ၊ ခံ့ညားထည်ဝါလှတဲ့ ဘုရင်စနစ်ကို ပုံဖော်ဖန်တီးခဲ့တဲ့ နိုင်ငံ၊ ဖက်ဆစ်ဝါဒကို ခုခံဆန့်ကျင်ရာမှာ ပြောင်မြောက်တဲ့ သူရဲကောင်းစိတ်ဓာတ်ကို ဖော်ကျူးခဲ့တဲ့နိုင်ငံ၊ ဒီလိုဒီလိုသမိုင်းမှတ်တိုင်တွေ စိုက်ထူခဲ့တဲ့ ဗြိတိန်နိုင်ငံဟာ မရေမရာအနာဂတ်ထဲကို ဇွတ်တိုးဝင်သွားပါပြီ”လို့ မှတ်ချက်ပေးထားပါတယ်။ ယူကရိန်းနိုင်ငံရဲ့သတင်းစာ Segoolnya ကတော့ “ဗြိတိန်ခွဲထွက်ရေးဟာ ဥရောပသမဂ္ဂအပေါ် သံသယပွားနေတဲ့ အင်အားစုတွေကို အားကောင်းမောင်းသန်ဖြစ်စေပြီး ဥရောပ ပေါင်းစည်းရေးလိုလားတဲ့ အင်အားစုတွေကို ချည့်နဲ့အားပျော့စေပါတယ်။ ဒီအနေအထားတွေအရ ပြောရရင် ယူကရိန်းနိုင်ငံ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်လာရေးဟာ ရွှေ့ဆိုင်းတော့မှာ သေချာနေပါပြီ။ လုံးဝဖြစ်မလာတာမျိုးတောင်ဖြစ်သွားနိုင်ပါတယ်”လို့ သက်ပြင်းချသံအပြည့်နဲ့ ရေးသားထားပါတယ်။ ရှန်ဟိုင်းမြို့ထုတ် Xinmin Evening News ကတော့ “ဥရောပသမဂ္ဂ ဘိုင့်ဘိုင်”လို့ ရှေ့မျက်နှာဖုံးမှာ ပြူးတူးပြဲတဲဖော်ပြထားပါတယ်။ ဂျပန်နိုင်ငံထုတ် Mainaichi Shimbum ကတော့ “ဥရောပတိုက်ရဲ့စည်းလုံးညီညွတ်မှုကတော့ အထိနာသွားပါပြီ”လို့ ဝေဖန်ထားပါတယ်။ ကူဝိတ်သတင်းစာ AL-Rai ကတော့ “ဗြိတိန်ခွဲထွက်တာဟာ ကျုပ်တို့ကိစ္စမဟုတ်ပါဘူး”လို့ စိတ်ချဉ်ပေါက်သံနဲ့ ရေးသားထားပါတယ်။ ဘရာဇီးနဲ့ အာဂျင်တီးနားသတင်းစာတွေကတော့ ခွဲထွက်ရေးကိုလိုလားတဲ့ ဗြိတိန်လွတ်လပ်ရေးပါတီ (UKIP)ရဲ့ခေါင်းဆောင် Nigel Farage ရဲ့ သတင်းတွေကို အသားပေးဖော်ပြထားပါတယ်။ ဒီလောက်ဆိုရင်တော့ ဗြိတိန်ခွဲထွက်ရေး(Brexit)အပေါ် မတူကွဲပြားတဲ့ရှုထောင့်စုံကို မှန်းဆနိုင်လောက်မှာပါ။ သေချာတာကတော့ ဗြိတိန်ခွဲထွက်ရေးဟာ ကမ္ဘာ့စီးပွားရေး၊ ကမ္ဘာ့နိုင်ငံရေးတွေကို အပြောင်းလဲကြီးပြောင်းလဲစေချင်ခဲ့တာပါ။ ။

## မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများရွေးချယ်

**ကွမ်းခြံကုန်း ဇွန် ၂၆**

ကျေးလက်နေပြည်သူများ လူမှုစီးပွားစဉ်ဆက်မပြတ်တိုးတက်ရေးအတွက် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် နိုင်ငံတော်မှ ထူထောင်ပေးသည့် မြစိမ်းရောင်စီမံကိန်းကို ကွမ်းခြံကုန်းမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆူးကလပ်၊ မရမ်း၊ ကန့်မလာ၊ သဲကုန်းတန်းကျေးရွာ လေးရွာတို့အား တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ခုချင်းအလိုက် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို ယခုလအတွင်း ဖွဲ့စည်းပေးခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ်အနေဖြင့် မြစိမ်းရောင်စီမံကိန်းစတင်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာသုံးရွာနှင့် စတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျေးရွာ ၁၀ ရွာနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ လေးရွာတို့ ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့ရာ စုစုပေါင်းကျေးရွာ ၁၇ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သရဖီ(ကွမ်းခြံကုန်း)**

## မြို့သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကဝ ဇွန် ၂၆**

ရက် ၁၀၀ စီမံချက်ဖြင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၂၀ ရက်က မြို့ပေါ်ရပ်ကွက်များ၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းဆောင်ရွက်ရာတွင် ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဝင်းနှင့်တာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ မြို့ပေါ်ရပ်ကွက်များ၏ အဓိကလမ်းများဖြစ်သော ပဲခူးလမ်း၊ ခန်းမလမ်း၊ ငုဝါလမ်းမကြီးများတစ်လျှောက် လမ်းဘေး ဝဲ၊ ယာရှိ ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များဆယ်ယူခြင်း၊ ချုံနွယ်မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ အုတ်စီရေမြောင်းများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

## အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့အား ဂုဏ်ပြု

**ရန်ကုန် ဇွန် ၂၆**

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် နန်နင်း-အာဆီယံနိုင်ငံတကာနဂါးလှေလှော်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာလှေလှော်အဖွဲ့အား ဂုဏ်ပြုပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်ပွဲရမြန်မာလှေလှော်အဖွဲ့ နည်းပြချုပ်ဦးဝင်းဖေက ပြိုင်ပွဲအတွေ့အကြုံကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီနှင့် လှေလှော်အားကစားလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေများ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အောင်ပွဲရမြန်မာလှေလှော်အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အောင်ပွဲရအားကစားသမားများ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

မြန်မာလှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲတွင်ရွှေနှစ်ခုရရှိခဲ့ပြီး အမျိုးသား ၁၂ တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် တစ်ခု၊ မီတာ ၅၀၀ ပြိုင်ပွဲတွင်တစ်ခုတို့ ရရှိခဲ့သည်။

**(ရဲရင့်ရှိုင်း)**

# တိုင်စာတွေက များလှသည်

ဦးဟန်ညွန့်(ဥပဒေ)

**သတင်းတစ်ပုဒ်**

တရားသူကြီးများ၊ အုပ်ချုပ်ရေးမှူးများ၊ ရဲများနှင့် ပတ်သက်သောတိုင်စာများ အပါအဝင် တိုင်ကြားစာ ၅၀၀ ဝန်းကျင်ကို လေ့လာစိစစ်နေကြောင်း လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအတွင်းရေးမှူး ပြောကြား *The Daily ELEVEN Newspaper* *(၁၈-၆-၂၀၁၆၊ မျက်နှာဖုံးသတင်း)*

**အတွင်းရေးမှူး ဦးအောင်တင်လင်း**

"လောလောဆယ်တော့ တိုင်ကြားစာတွေကို စိစစ်နေတယ်။ တိုင်ကြားစာက ရာကျော်တယ်။ တိုင်စာတွေက တရားသူကြီးကို တိုင်တယ်။ ဥပဒေအရာရှိတွေကိုလည်း တိုင်တယ်။ ရဲတွေကိုလည်းတိုင်တယ်။ နောက်အုပ်ချုပ်ရေးမှူးတွေကိုလည်း တိုင်တယ်။ နယ်မြေဒေသအလိုက် တိုင်စာတွေ ဖြစ်တယ်။ လက်ကျန်ရယ်၊ လက်ရှိရယ်၊ တိုင်စာ ၅၀၀ ဝန်းကျင်လောက်ရှိတယ်"ဟု ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး ဦးအောင်တင်လင်းက ပြောသည်။ ဤသတင်းကို သတင်းထောက် မျိုးမင်းထက်က ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ ပြည်သူစိတ်ဝင်စားသည့် သတင်းပါ။

**အတွင်းသရုပ်**

ဤသတင်းတစ်ပုဒ်၏ အတွင်းသရုပ်ကို ခွဲခြားကြည့်လျှင် -

(၁) လက်ရှိ တိုင်စာများသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလက တိုင်စာလက်ကျန်များ ပါဝင်ကြောင်း၊
(၂) လက်ရှိ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကာလတိုင်စာများလည်း ပါဝင်ကြောင်း၊
(၃) အမျိုးအစားခွဲခြားကြည့်သောအခါ တရားသူကြီးကထိပ်ဆုံးက၊ အုပ်ချုပ်ရေးမှူးများနှင့် ရဲများက ပူးတွဲနေရာယူလျက်ရှိကြောင်း။

**တိုင်စာဘာကြောင့်တိုင်သလဲ**

တိုင်စာတွေ ဘာကြောင့်များသလဲ။ တိုင်စာတွေ ဘာကြောင့် တိုင်ကြသလဲ။ မကျေနပ်၍ ဖြစ်ပါသည်။ ဘာကြောင့် မကျေနပ်သလဲ။ ဖြစ်သင့်ဖြစ်ထိုက်တာ မဖြစ်လို့၊ လုပ်ထုံးမမှန်လို့၊ မတရားလို့၊ အကျင့်သီလပျက်ယွင်းလို့၊ အမှန်အတိုင်း ဖြစ်စေချင်လို့။

**တရားသူကြီး**

တရားသူကြီးများ တရားနှင့်အညီ ဆောင်ရွက်ပါ။ လုပ်ထုံးနှင့်အညီ ဆောင်ရွက်ပါ။ မှန်မှန်ကန်ကန် ဆုံးဖြတ်ပါ။ လာဘ်ပေးလာဘ်ယူမလုပ်ပါနှင့်။ တရားသူကြီး၏ အကျင့်သိက္ခာစောင့်ထိန်းပါ။ ဥပဒေနှင့်အညီ စီရင်ပါ။ ဂုဏ်သိက္ခာရှိပါ။ အပုပ်နံ့မထွက်စေလိုပါ။ ပြောင်ပြောင်တင်းတင်း၊ မမှန်မကန်၊ မတိမကျ၊ ဘက်လိုက်ဆုံးဖြတ်သည့် တရားသူကြီး(အချို့)ကြောင့် ဘဝပျက်ရသူတွေ၊ အိမ်ပေါင်၊ ခြံပေါင်၊ တက်တက်ပြောင်သောဘဝ၊ ဆင်းရဲဒုက္ခရောက်ရသော အမှုသည်တွေ။ နည်းမျိုးစုံနှင့် အနိုပ်စက်ခံရသူတွေ၊ ဥပဒေအရာရှိနှင့် ရှေ့နေရှေ့ရပ်(အချို့)ကြောင့် အမှန်တရား မခံစားရသူတွေ။ "ပုဒ်မလေး၊ ပေးမှလုပ်"ဟူသည့် ခေတ်မီနေသော ပြက်ရယ်စကား တကယ်ကြားနေရပြီ။ ယုံတမ်းစကား မဟုတ်ပါပြီ။

**အုပ်ချုပ်ရေးမှူးများ**

နေ့တိုင်းတွေ့နေရသော ရပ်ကွက်အုပ်ချုပ်ရေးမှူးအကြောင်း မကောင်းမပြောလိုပါ။ လူထုက ရွေးကောက်တင်မြှောက်ထားသူတွေ မဟုတ်လား။ အရွေးမခံရစဉ်က တစ်မျိုး၊ အရွေးခံရပြီးမှ တစ်မျိုး။ စိတ်ထားပြောင်းလဲသွားလေသလား။ အခြေခံသတင်းမို့ လူထုနှင့်ပို၍ နီးစပ်သည်။ ရပ်ကွက်၊ ကျေးရွာမှာ အုပ်ချုပ်ရေးမှူးမပါတဲ့ နေရာမရှိဘူး။ စိတ်ထားကောင်းသူ၊ ရိုးသားသူ၊ ရပ်ရွာကို ဦးဆောင်နိုင်သူ၊ အများပြည်သူချစ်ခင်သူ (ဟိုတုန်းက ဥက္ကဋ္ဌကြီး) ယခုတော့ အုပ်ချုပ်ရေးမှူး။ အများအကျိုးသယ်ပိုးကြသော အုပ်ချုပ်ရေးမှူးများကို ပြည်သူတွေ ချစ်ကြပါစေ။ ရပ်ရေးရွာရေး လူရေးလူမှုမှစ၍ ဘက်စုံတာဝန်ကျေသော အုပ်ချုပ်ရေးမှူးများ (ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း စသည်ဖြင့်) အဆင့်ဆင့်ဂုဏ်တင့်ကြပါစေ။ စေတနာအမှားကို ပြည်သူတို့က ခွင့်လွှတ်သော်ငြား ဝေဒနာအမှား၊ ဘယာအမှား၊ အသပြာအမှား၊ မတရားအမှားများကိုဖြင့် သည်းခံနိုင်ဖွယ်မရှိ။ ထိုအခါ တိုင်စာရေးကြကုန်၏။ အထောက်အထား သက်သေ၊ စာရွက်စာတမ်းအစုံဖြင့် အထက်လူကြီးများအား တင်ပြကြသည်။ တိုင်ကြားကြသည်။ အသနားခံကြသည်။

**ရဲ**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အကြောင်း။ မပါမဖြစ်ရေးရဦးမည်။ အတိုင်ခံရသည့်အထဲ သူတို့လည်းပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်ပြန်တော့ ပို၍သတိထားရသူတွေ၊ ပြည်သူလူထုနှင့် နေ့စဉ်ဆက်ဆံနေရသူတွေ၊ ဥပဒေကျင့်ဝတ်နှင့်အညီ စောင့်ထိန်းရသူတွေ၊ စောင့်ထိန်းသည့်ကြားက အချို့စည်းကမ်းမဲ့ကြသည်။ မတရားမှုတွေ ဖြစ်ကြသည်။ ပြည်သူကိုကာကွယ်ရမည့်အစား ပြည်သူနှင့် ဆန့်ကျင်မှု၊ နှိပ်စက်မှု ပြုကြသည်။ လူကြီးတွေ ကြပ်မတ်သည့်ကြားက လက်အောက်ငယ်သားရဲတပ်ဖွဲ့ဝင်တွေ မှားတတ်ကြသည်။ လာဘ်ပေးလာဘ်ယူမှုတွေ ဖြစ်ကြသည်။ သည်းမခံနိုင်သည့်အဆုံး တိုင်ကြားခံကြရသည်။

**ပစ်စာမဟုတ်**

"ပစ်စာမဟုတ်သော တိုင်စာတွေ"ဟု ရဲရဲကြီးအာမခံကြသည်။ အမည်ရင်းပါသည်။ နိုင်ငံသားမှတ်ပုံတင်ပါသည်။ လိပ်စာမှန်သည်။ အချို့က တိုင်သူ၏ တယ်လီဖုန်းနံပါတ်ကိုပင် ဖော်ပြပေးသည်။ အချို့က စာမတတ်၍ လက်ဗွေနှိပ်သည်။ လက်ဗွေရော၊ လက်မှတ်ပါထိုးသည့် တိုင်ကြားသူတွေလည်း အပြည့်။ သက်သေစာရင်း ပါသေးသည်။ ဖြစ်စဉ်ဓာတ်ပုံရိုက်ပြပေးသေးသည်။ ကိုယ်တိုင်လာပြီး ရှင်းပြ၊ တင်ပြပါရစေဟု ဆိုသူလည်းရှိသည်။ တိုင်သူမမှန်ရင် တိုင်သူကိုပြန်ပြီးအရေးယူပါ။ အရေးယူခြင်းကို ရဲဝံ့စွာ ခံယူပါမည်ဟု ဝန်ခံလက်မှတ်ရေးထိုးသူလည်း ရှိသည်။ အလွန့်အလွန် မတရားခံရ၍ မကျေနပ်၍ ဘဝပျက်၍ တိုင်ကြားရခြင်းဖြစ်ကြောင်း အတိအကျတိုင်ကြားသည်။ အမှန်တကယ် နစ်နာလွန်းအားကြီး၍ တိုင်စာအမှန်များကို အရေးယူသင့်သည်။ မတရားလုပ်သူက လုပ်ပြီးမေ့နေလောက်ပြီ။ ခံရသူခများတော့ ဘယ်မေ့နိုင်ပါ့မလဲ။ တိုင်စာရေးပြီး ပေါ်လွင်ပါလျက် ဘာမှအရေးမယူဘူးလားဗျာ။

**လိမ်ညာတိုင်ကြားသူ**

အမှန်အကန်တိုင်ကြားသူများရှိသကဲ့သို့ လိမ်ညာတိုင်ကြားသူများလည်း ရှိတတ်သည်။ တာဝန်ရှိသူဝန်ထမ်း ဒုက္ခရောက်အောင်၊ နစ်နာအောင်၊ အလုပ်ပြုတ်အောင်၊ လိမ်ညာတိုင်ကြားခြင်းဖြစ်သည်။ ဒါကတော့ မဖြစ်စကောင်း၊ မလုပ်စကောင်း။ ဝန်ထမ်းဘဝတွင် လိမ်ညာတိုင်ကြားသူများ တွေ့ဖူးသည်။ ရာထူးမတက်အောင်၊ ရာထူးကျအောင်၊ မနာလို ဝန်တို၍၊ အမြင်ကပ်၍ လိမ်ညာတိုင်ကြားခြင်းက သိသာလှပါသည်။ ထဲထဲဝင်ဝင် စစ်ဆေးမေးမြန်းတော့ ပေါ်သည်။ တိုင်သူကိုပင် ပြန်ပြီး

> **စေတနာအမှားကို ပြည်သူတို့က ခွင့်လွှတ်သော်ငြား ဝေဒနာအမှား၊ ဘယာအမှား၊ အသပြာအမှား၊ မတရားအမှားများကိုဖြင့် သည်းခံနိုင်ဖွယ်မရှိ။ ထိုအခါ တိုင်စာရေးကြကုန်၏။ အထောက်အထား သက်သေ၊ စာရွက်စာတမ်းအစုံဖြင့်. . .**

အရေးယူခဲ့ရသည်။ ဒီဖြစ်စဉ်မျိုးကလည်း သင်ခန်းစာပါ။

**တာဝန်များ**

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်များမှာ-

(၁) တရားစီရင်ရေး၊ ဥပဒေရေးရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေး ကူညီဆောင်ရွက်ရန်၊
(၂) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊
(၃) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရန်၊
(၄) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ပေးရန်၊
(၅) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့ တင်ပြရန်၊
(၆) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းအမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းသိမ်းကူညီရန်၊
(၇) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းတို့ဖြစ်သည်။ လေ့လာစိစစ်မှုများကို ပြည်သူတို့ ကြိုဆိုလျက်ပါ။

**လေးစားအားကိုးပါသည်**

(၁) မတရားခံရမှုများ၊ အမှန်အကန်တိုင်ကြားစာများကိုမျှမျှတတ၊ မြန်မြန်ဆန်ဆန် အရေးယူသင့်ပါကြောင်း၊
(၂) အားကိုးပါသည်။ ယုံကြည်ပါသည်။ ။




## ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် နှစ်ရှည်ပင်ပေးအပ်

**လွိုင်လင် ဇွန် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဘိန်းစိုက်တောင်သူများအား ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် နှစ်ရှည်ပင် ပေးအပ်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဌေးအောင်က မူးယစ်ဆေးဝါးပြစ်မှုနှင့် ဥပဒေများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းရွှေက အစားထိုးသီးနှံပေးအပ်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးမို့မို့ထွန်းက သိပ္ပံနည်းကျစိုက်ပျိုးစနစ်များကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြသည်။ ထို့နောက် စပ်မျိုးစပါး နယူးရော(၁)နှင့် နှစ်ရှည်ပျိုးပင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

အဆိုပါ ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် နှစ်ရှည်ပင်ပေးအပ်ပွဲတွင် စပါး ဧက ၈၀ အတွက် နယူးရော (၁) စပ်မျိုးစပါး ကီလို ၅၆၀ နှင့် နှစ်ရှည်ပျိုးပင် ၅၀၀ တို့ကို အခမဲ့ဖြန့်ဝေခဲ့ကြောင်းသိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

# တစ်ကမ္ဘာလုံးက ထိတ်လန့်နေရတဲ့ မူးယစ်ဆေးဝါးပြဿနာ

နီမော်

စာရေးသူတို့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း(၇၀)နီးပါး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေခြင်း၊ အာဏာရှင်ကြီးစိုးမှု သက်တမ်းကြာရှည်ခဲ့ခြင်း၊ ၁၉၈၇ ခုနှစ်ကစပြီး ဖွံ့ဖြိုးမှုနောက်အကျဆုံးနိုင်ငံ (LDC)ဖြစ်ခဲ့ခြင်းစတဲ့ အုပ်စိုးသူအစိုးရအဆက်ဆက်ရော ပြည်သူအပေါင်းပါ ခေါင်းမီးတောက်စေတဲ့ မတည်ငြိမ်မအေးချမ်း၊ မချမ်းသာမကြွယ်ဝ၊ သဘာဝဘေးဒဏ်ခံရတာတွေအထဲမှာ မူးယစ်ဆေးဝါး ပြဿနာကြီးထွားလာနေတာကလည်း အလွန်တရာကြီးမားတဲ့ ပြဿနာကြီးတစ်ခုပါပဲ။ မြန်မာနိုင်ငံရဲ့နယ်စပ်ဒေသများမှာ ဘိန်းစိုက်ပျိုးမှုနဲ့ သုံးစွဲမှုအလေ့အထများဟာ သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်က စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်တယ်။

စာရေးသူရဲ့ လေ့လာသိရှိရသလောက်တော့ အဲဒီတရုတ်-မြန်မာနယ်စပ် တောင်တန်းဒေသက တိုင်းရင်းသားတွေဟာ လျှောကားထစ်လယ်၊ တောင်ယာ စသဖြင့် ဆန်စပါးစိုက်ပျိုးဖို့မြေနေရာ အခက်အခဲ၊ မြေဆီသြဇာခန်းခြောက်မှုစတာတွေကြောင့် တစ်နှစ်မှာ ဆန်စပါးရိက္ခာငါးလမျှသာစားရပြီး ကျန်တဲ့လတွေမှာ အခြားနည်းတွေနဲ့ ရိက္ခာဖြည့်ဆည်းခဲ့ကြရတယ်။ ဒီတော့ မိမိနိုင်ငံရှိ တိုင်းရင်းသားတွေဟာ မူးယစ်ဆေးဝါးထုတ်လုပ်ဖို့ စိုက်ပျိုးပေးရသူ၊ ရောင်းချပေးရသူ၊ အဆိုးဆုံးက မူးယစ်ဆေးဝါးသုံးစွဲသူတွေဖြစ်လာပြီး ဒီဒေသတွေနဲ့ တိုင်းရင်းသားတွေရဲ့ဘဝဟာလည်း လူလုံးမလှပ၊ အမည်ဆိုးပဲ ရရှိနေတဲ့ မိအေးသုံးခါနာဘဝတွေဖြစ်နေတော့တယ်။

**ဘိန်းနှိမ်နင်းရေး**

လူသားတစ်ရပ်လုံးကို လူညွန့်တုံးစေတဲ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်ရေးကို ရှေးမြန်မာဘုရင်များလက်ထက်ကလည်း ခွင့်မပြုခဲ့သလို အခုလည်း ခေတ်အဆက်ဆက်ဘိန်းပပျောက်ရေး လုပ်ဆောင်နေဆဲပါ။ လွတ်လပ်ရေးရပြီးကတည်းက အစိုးရအဆက်ဆက်ဟာ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဘိန်းနဲ့စိုက်ခင်းများဖျက်ဆီးရေး၊ ဆေးစွဲသူများကုသရေး၊ ဆေးဖြတ်ဆေးရုံများဖွင့်လှစ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့တယ်။

၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာတော့ "မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေ"ကို ပြဋ္ဌာန်းပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့တယ်။ ၁၉၇၅ ခုနှစ်မှာ ပြည်သူ့လွှတ်တော်ကလည်း"မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်နဲ့ တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ရန်" လို့ဆုံးဖြတ်ခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နဝတအစိုးရလက်ထက်မှာ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပြီး ၁၉၉၃ ခုနှစ် ဇန်ဝါရီလမှာတော့ "မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများဆိုင်ရာ ဥပဒေ"ကိုပြဋ္ဌာန်းကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်နဲ့ တက်ကြွစွာဆောင်ရွက်ခဲ့တယ်။ ဒီတော့မြန်မာပြည်သူတစ်ရပ်လုံးဟာ အစိုးရရဲ့ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်/သံစတဲ့ မီဒီယာတွေကတစ်ဆင့် မူးယစ်ဆေးဝါးနှိမ်နင်းမှု ပပျောက်အောင်လုပ်ဆောင်မှုတွေ၊ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်တဲ့အန္တရာယ်ဆိုးကို တိုက်ဖျက်ရာမှာ အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ တပ်မတော်သားတွေရဲ့ ပုံရိပ်တွေကို နှစ်ပေါင်းရှည်ကြာခဲ့ပေမယ့် မှတ်မိနေဦးမှာပါပဲ။

စာရေးသူလည်း ကောင်းကောင်းမှတ်မိတာကတော့ ၁၉၉၆ ခုနှစ် မတ်လ ၂၇ ရက်နေ့ (၅၁) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နှစ်တိုနှစ်ရှည် စီမံချက်တွေနဲ့ မဟာဗျူဟာ၊နည်းဗျူဟာနဲ့ နည်းနာနိဿယတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့လို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းကင်းမဲ့ဇုန်အဖြစ် ကြေညာခဲ့တယ်။ အလားတူ ကိုးကန့်ဒေသဟာလည်း ၂၀၀၃ ခုနှစ်ကစပြီး ဘိန်းစိုက်ပျိုးမှုလုံးဝရပ်ဆိုင်းခဲ့ကြောင်း၊ အခြားတိုင်းရင်းသားနယ်မြေများကလည်း မိမိတို့ဒေသများကို ဘိန်းကင်းမဲ့ဇုန်၊ ဘိန်းကင်းမဲ့ဒေသများဖြစ်လာစေဖို့ အရှိန်အဟုန်မြှင့်ကြိုးစားနေကြောင်း သူ့မိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားခဲ့တယ်။ အဲဒီဗျူဟာရည်မှန်းချက်တွေ အတိုင်း မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ပထမ၊ ဒုတိယ၊ တတိယစသည်ဖြင့် ငါးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေကြောင်းလည်း သတင်းထုတ်ပြန်ချက်များအရ သိရှိရပါတယ်။

ဘိန်းစိုက်တောင်သူများ ကိုယ်တိုင် မိမိတို့ဆန္ဒအလျောက် သက်ဆိုင်ရာဒေသအာဏာပိုင်များထံကို ဘိန်းသီးခြောက်များ၊ ဘိန်းမျိုးစေ့များ အပ်နှံခဲ့လို့ မီးရှို့ဖျက်ဆီးခဲ့တာကလည်း ၁၁ ကြိမ်၊ ၁၉၉၁ ခုနှစ်ကစပြီး မီးရှို့ဖျက်ဆီးခဲ့တာက ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးနဲ့ ဓာတုပစ္စည်းများဖြစ်ပြီး အကြိမ်ပေါင်း ၃၃ ကြိမ်ရှိပါပြီတဲ့။ မူးယစ်ဗဟိုအဖွဲ့က ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးတွေကို ရန်ကုန်မြို့မှာ ၁၉၉၀ ခုနှစ်ကစလို့ ၂၀၀၄ ခုနှစ်အထိ မီးရှို့ဖျက်ဆီးခဲ့တဲ့ အကြိမ်ပေါင်း ၁၈ ကြိမ်မှာ မူးယစ်ဆေးဝါးရဲ့ ကာလတန်ဖိုးက အမေရိကန်ဒေါ်လာ ၁၄၄၅၂ သန်းကျော်ရှိကြောင်း မူးယစ်ဗဟိုအဖွဲ့က သတင်းထုတ်ပြန်ကြေညာခဲ့တယ်။

မြန်မာ-အမေရိကန် နှစ်နိုင်ငံပူးပေါင်းပြီး ၁၉၉၃ ခုနှစ်က စတင်ဆောင်ရွက်ခဲ့တော့ ၂၀၀၄ ခုနှစ်အထိ ၁၀ ကြိမ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီးကြောင်း၊ ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုဟာ ၂၀၀၃ ခုနှစ်ကထက် ၃၄ ရာခိုင်နှုန်းကျဆင်းသွားပြီး ဘိန်းထုတ်လုပ်မှုမှာတော့ ၄၀ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ လွန်ခဲ့တဲ့ရှစ်နှစ်က ဘိန်းထုတ်လုပ်မှုနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါ ၈၉ ရာခိုင်နှုန်းကျဆင်းသွားကြောင်းကို အမေရိကန် အစိုးရရဲ့ ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာအစီရင်ခံစာမှာ ဖော်ပြပါရှိကြောင်း သိရှိရပါတယ်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသခွဲနဲ့ ဒေသအတွင်းရှိ နိုင်ငံများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ ပပျောက်ရေး၊ ဘိန်းအစားထိုး သီးနှံများစိုက်ပျိုးရေး လုပ်ငန်းတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရှိရတယ်။ ဒီတော့မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရာမှာ နဝတ၊ နယက၊ ၂၀၁၁-၂၀၁၅ ခုနှစ်အထိ တာဝန်ယူခဲ့တဲ့ အစိုးရထိတိုင် ငါးနှစ်စီမံကိန်းသုံးကြိမ်တိုင်တိုင် ၁၅ နှစ်စီမံကိန်း ပြီးစီးခဲ့ပြီဖြစ်တယ်။

ဇွန်လ ၂၆ ရက်နေ့ဟာ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနဲ့ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပါတယ်။ အဲဒီနေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်က တရားရုံးတွေမှာ စီရင်ချက်ပြီးပြတ်ခဲ့တဲ့ မူးယစ်ဆေးဝါးများ (တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်)ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအနီးမှာ မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်အတွင်း စံချိန်တင်ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများကတော့ တရားရုံးမှာ အမှုမပြီးပြတ်သေးတဲ့အတွက် မီးရှို့ဖျက်ဆီးမယ့်စာရင်းမှာ မပါသေးကြောင်း သိရှိရပြန်ပါတယ်။ မနှစ်ကလည်း ကမ္ဘာ့ဒုတိယအများဆုံးတန်ဖိုးလို့ ပြောကြတဲ့ အမေရိကန်ဒေါ်လာ သန်း ၁၃၀ ကျော်ဖိုး ရန်ကုန်မှာ ဖမ်းမိခဲ့ပြန်တယ်။

**လူသားတစ်ရပ်လုံးကို လူညွန့်တုံးစေတဲ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်ရေးကို ရှေးမြန်မာဘုရင်များ လက်ထက်ကလည်း ခွင့်မပြုခဲ့သလို အခုလည်း ခေတ်အဆက်ဆက် ဘိန်းပပျောက်ရေး လုပ်ဆောင်နေဆဲပါ။ လွတ်လပ်ရေးရပြီးကတည်းက အစိုးရအဆက်ဆက်ဟာ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ဘိန်းနဲ့စိုက်ခင်းများ ဖျက်ဆီးရေး၊ ဆေးစွဲသူများကုသရေး၊ ဆေးဖြတ်ဆေးရုံများ ဖွင့်လှစ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့တယ်။**

စာရေးသူအနေနဲ့ နယ်စပ်ဒေသရှိ ဘိန်းနဲ့မူးယစ်ဆေးဝါးများကို ၁၉၇၀ ခုနှစ်ကာလများဆီကတည်းက ထိုင်းနယ်စပ်ကနေ တစ်ဖက်နိုင်ငံတွေဆီကို တင်ပို့နေတဲ့ ခွန်ဆာရဲ့လက်ထက်ကတည်းက အခုခေတ်တိုင်အောင် တိုက်ဖျက်သော်လည်း ပပျောက်မသွားဘဲ ပိုများလာတဲ့အကြောင်းရင်းကို ဖွေရှာကြည့်လိုက်တော့ ဘိန်းစိုက်ပျိုးရေးဟာ ကိုးကန့်ကာကွယ်ရေး လော်စစ်ဟန်လက်ထက်ကနေ ယနေ့ထက်တိုင် နယ်စပ်ဒေသတွေမှာ မရပ်စဲသေး။ တိုင်းရင်းသားတွေရဲ့တောင်တန်း၊ တောင်ကြားဒေသတွေဟာ ဘိန်းစိုက်ရာအမာခံနယ်မြေ၊ မူးယစ်ဆေးဝါးဖြန့်ဖြူးရာ အမာခံနယ်မြေတွေဖြစ်နေတာက အဓိကအကြောင်းအရင်းဖြစ်ကြောင်း တွေ့ရှိရတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် မတည်ငြိမ်မှုတွေဟာ ဘိန်းစိုက်ပျိုးရေး၊ မူးယစ်ဆေးဖြန့်ဖြူးရေးတို့နဲ့ ဆက်စပ်နေတဲ့အတွက် အပစ်အခတ်ရပ်စဲရေးဟာ အလွန်အရေးကြီးတယ်။ အပစ်ရပ်ဖို့အတွက်လည်း နှစ်ဖက်ညှိနှိုင်းမှုတွေလုပ်ဆောင်သင့်တယ်။ အခုဖြစ်နေတာက ငြိမ်းချမ်းရေး ကြွေးကြော်ပြီး၊ ဒီမိုကရေစီစနစ်ကိုချီတက်ပြီး လက်နက်ကိုင်ပဋိပက္ခတွေ ဆက်လက်ပေါ်ပေါက်နေရင်တော့ ပြည်သူလူထုလိုလားတဲ့ ပန်းတိုင်အရောက် ချီတက်နိုင်မှာ မဟုတ်ပါ။

**မူးယစ်ဆေးဝါးကို လူတိုင်းဆန့်ကျင်ပါတယ်**

တချို့လည်း မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကို သိရှိပြီးဖြစ်လို့ ဝေးဝေးကရှောင်ပါတယ်။ တချို့လည်း မလွဲမရှောင်သာ သတိကင်းလွတ်မှုကြောင့် သုံးစွဲကြပါတယ်။ ဘယ်လိုသုံးသုံး လူညွန့်တုံးမှာ၊ အသက်ဆုံးရှုံးမှာ အမှန်ပါပဲ။ လူမှုကွန်ရက်စာမျက်နှာမှာ တွေ့လိုက်ရတာက ကြေကွဲဝမ်းနည်းစရာကောင်းလှပါတယ်။ ပြည်ပမှာပါ။ မူးယစ်ဆေးဖိုးမပေးလို့တဲ့။ အဘွားကိုမြေးက ပုဆိန်နဲ့ခြေထောက်ကို ခုတ်ဖြတ်လိုက်လို့ ရဲကဖမ်းရာ ရဲရဲ့မျက်နှာကိုလည်း ခြေထောက်နဲ့ကန်ပါတယ်။

ဆေးဖိုးမရလို့ လူသတ်မှု၊ ခိုးမှု၊လုယက်မှုတွေများလှပါတယ်။ မူးယစ်ဆေးစွဲသူတစ်ယောက်ဟာ ကိုယ့်ချစ်သူမိန်းကလေးကိုတောင် ဓားမြှောင်နဲ့ထိုးသတ်၊ ညီအစ်ကိုမောင်နှမတွေရော မိဘပါမကျန်သတ်ဖြတ်၊ မူးယစ်ဆေးကြောင့် ပြည်သူချစ်တဲ့အနုပညာရှင်တွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေ ကွယ်လွန်ကြရတယ်။ ဒါတင်ဟုတ်ပါရိုးလား။ ဧရာဝတီတိုင်းဒေသကြီးက မြို့ငယ်တစ်မြို့မှာ မူးယစ်ဆေးရှိန်တက်နေတဲ့လူငယ်လေးတစ်ယောက်ဟာ မှန်စနဲ့သူ့ဝမ်းဗိုက်သူထိုးဖောက်ပြီး သူ့အူတွေသူဆွဲထုတ်ကာ ပြတင်းပေါက်မှာ ချိတ်ဆွဲထားလိုက်ပါသတဲ့။ မကြာခင်သူသေဆုံးသွားခဲ့ပါတယ်။ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်တွေမှာလည်း မူးယစ်ဆေးထိုးသူအရေအတွက် သိသိသာသာတိုးလာကြောင်းကို WHO၊ UNAIDS နဲ့ Save the Children တို့ပူးပေါင်းလုပ်ဆောင်ထားတဲ့ အချက်အလက်များအရ သိရှိရတယ်။ ဆေးကိုရှူရှိုက်ရုံမျှမက အကြောထဲထိုးသွင်းတဲ့အတွက် AIDS ရောဂါဖြစ်ပွားနှုန်းလည်း ကပ်ရောဂါအသွင် တစ်ဟုန်ထိုးမြင့်မားလာတယ်။ စာရေးသူရဲ့မိတ်ဆွေတစ်ဦးတွေ့ရှိခဲ့တာက နယ်စပ်ဒေသတစ်ခုမှာ မူးယစ်ဆေး(ရာမ)ဆေးပြားတွေကို ပန်းကန်ပြားနဲ့ထည့်ညှော့ခံတာ၊ မြို့ကြီးတွေရှိ ဆိုင်အတော်များများမှာဝယ်နိုင်တာ၊ လုပ်ခအစား မူးယစ်ဆေးပြားတွေပေးတာတို့ကို အံ့သြထိတ်လန့်ဖွယ်တွေ့ရှိခဲ့ရကြောင်းပါပဲ။

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှာ ဘိန်းစိုက်အများဆုံးဖြစ်ကာ ဆယ်စုနှစ်များစွာ ဒီဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ဘိန်းအထွက် ကျဆင်းရေးစွမ်းဆောင်မှုတွေအပေါ် အခက်အခဲတွေ့စေကြောင်း၊ ဒီပြဿနာတွေကို ပိုမိုတိုးပွားစေတဲ့အကြောင်းအရင်းကတော့ အချိန်ပိုင်းလုပ်သားများ၊ ဆင်းရဲဒဏ်ခံနေကြရတဲ့ ရွှေ့ပြောင်းလုပ်သားများကို ဆွဲဆောင်နေတဲ့ နယ်စပ်ဒေသတစ်လျှောက်က အကြီးစားသတ္တုတူးဖော်ရေးလုပ်ငန်းစီမံကိန်းများပဲ ဖြစ်ပါတယ်။

ဒါကြောင့်မြွေပူရာကင်းမှောင့်ဆိုသလို တစ်တိုင်းပြည်လုံးမှာရှိနေတဲ့ အန္တရာယ် ချောက်ကမ်းပါးပေါ်က ပြဿနာအရပ်ရပ်အပြင် မူးယစ်ဆေးဝါးပြဿနာကလည်း တစ်ကမ္ဘာလုံးက ဆန့်ကျင်တဲ့ ရေရှည်ကိစ္စဆိုးကြီးဖြစ်နေတဲ့အတွက် တိုင်းပြည်နဲ့လူမျိုး ဂုဏ်သိက္ခာရှိချင်ရင် အရင်းခံကျတဲ့နိုင်ငံရေးပြဿနာကို ဖြေရှင်းသင့်ကြောင်း စေတနာကောင်းနဲ့ တင်ပြလိုက်ရပါတော့တယ်။ ။

## ပြည်တွင်းရေးရာ

☆ **သဘာဝဘေးမှ**

ထို့နောက် ဒုတိယသမ္မတသည် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံစဉ် ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးက ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်စဉ်က မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် လက်ရှိ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှု၊ ပြည်တွင်း ပြည်ပ INGOs၊ NGOs အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မီဒီယာများနှင့် မိုဘိုင်းဖုန်းများ၌ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်အသိပေး သတင်းထုတ်ပြန်ဆောင်ရွက်မှု အခြေအနေတို့ကို လည်းကောင်း၊ ကျေးရွာသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီဝင်များက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အစိုးရနှင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းပေးထားသည့် Cyclone Shelter အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ် မကျရောက်မီကတည်းက ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုသည် အရေးကြီးကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ယခင်ကထက် ပိုမိုသတိဝီရိယထားရှိဖို့လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် မှော်ဘီကျေးရွာတွင် ဆောက်လုပ်ထားသည့် ပေ(၅၀×၃၃)ရှိ သံကူကွန်ကရစ်နှစ်ထပ် Cyclone Shelter အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဦးစီးဌာန၏ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းပုံ၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်မှု၊ Cyclone Shelter များ တည်ဆောက်ပြီးစီးမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် နိုင်ငံခြားအလှူငွေ ရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ထောက်ပံ့ပေးလျက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ အလေအလွင့်မရှိစေရန်နှင့် စနစ်တကျထားရှိရန် မှာကြားပြီး ဗဟိုသိုလှောင်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**



ရှမ်းယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့ယှဉ်ပြိုင်နေစဉ်။

○ **ဇေယျာရွှေမြေမှ**

နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အပြန်အလှန် ဂိုးသွင်းခွင့်များရခဲ့သည်။ သို့သော် နှစ်သင်းစလုံး အသုံးမချနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ရှမ်းယူနိုက်တက်အသင်းမှာ ဒုတိယပိုင်းတွင် စိုးမင်းဦး၊ နေလင်းထွန်းတို့ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သလို ဇေယျာရွှေမြေ အသင်းကလည်း အဝေးကွင်းတွင် အမှတ်ရယူနိုင်ရန် ခပ်မာမာတုံ့ပြန်ကစားခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များ အပြန်အလှန်ရရှိခဲ့သည်။ ဇေယျာရွှေမြေ အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၉၀ တွင် ဘရာဇီးတိုက်စစ်မှူး မာစီယိုက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသော ပွဲတွင် ရန်ကုန်နှင့် ဧရာဝတီတို့တစ်ဂိုးစီ သရေကျနေသည်။ ရန်ကုန်အသင်းမှာ နည်းပြသစ် ဦးမျိုးမင်းထွန်း လက်ထက်တွင် အိမ်ကွင်းရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ပင်နယ်တီဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ ၇၄ မိနစ်တွင် သိန်းဇော်က ရန်ကုန်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဧရာဝတီအတွက် ချေပဂိုးကို ပွဲပြီးခါနီးတွင် တာကူမူက ပင်နယ်တီမှ သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် ဟံသာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၁၅)အပြီးတွင် ရတနာပုံအသင်းက ၄၁ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး မကွေး၊ ဟံသာဝတီနှင့် ဇေယျာရွှေမြေအသင်းတို့က ၂၅ မှတ်စီ၊ ရန်ကုန်နှင့် ဧရာဝတီအသင်းတို့က ၂၃ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်တို့က ၂၁ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ငါးမှတ်တို့ရရှိထားသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

✻ **ကျောဖုံးမှ**

ယနေ့ကျင်းပသော ပွဲစဉ်များတွင် ၅၁ ကီလိုတန်း၊ ၆၀ ကီလိုတန်းနှင့် ၆၇ ကီလိုတန်း(ကွာတားဖိုင်နယ်) ပွဲစဉ်ပေါင်း ၁၀ ပွဲပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြပြီး နိုင်ငံတကာအထူးစိန်ခေါ်ပွဲတစ်ရပ်ကိုပါ ထည့်သွင်းပြုလုပ်ခဲ့သည်။

၅၁ ကီလိုတန်းတွင် ရွှေဖားစည်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် မိုက်မိုက် (S.T.L)တို့ ပွဲစဉ်တွင် တတိယအချီမှာပင် ရွှေဖားစည်အလဲထိုးအနိုင်ရရှိခဲ့ပြီး စိုးဝင်းသန်း(ရန်စစ်ငြိမ်း)နှင့် စိန်လင်းအောင်(တိုက်ဂါး)တို့ ပွဲစဉ်တွင် စိုးဝင်းသန်းက စိန်လင်းအောင်ကို တတိယအချီ၌ အလဲထိုးအနိုင်ရရှိခဲ့ကာ တိမ်တိုက်(ထွန်းသွင်)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)တို့ပွဲစဉ်တွင် စွမ်းထက်နိုင်က တိမ်တိုက်ကို ပဉ္စမအချီမြောက်(နောက်ဆုံးအချီ)တွင် အနိုင်ရရှိခဲ့သည်။

၆၀ ကီလိုတန်းတွင် စည်သူအောင်(ရွှေမိုးထိ)နှင့် စိုးလေး(တိုက်ဂါး) တို့ပွဲစဉ်တွင် စည်သူအောင်က စိုးလေးကို ပထမအချီမှာပင်အလဲထိုးဖြင့်လည်းကောင်း၊ စောထူးဇော်(ဒို့ရိုးရာ)နှင့်ဇော်ချစ်အောင် (ဗမာ့သွေး)တို့ပွဲစဉ်တွင် စောထူးဇော်က ဇော်ချစ်အောင်ကို ပထမအချီမှာပင်အလဲထိုးဖြင့် လည်းကောင်း၊ စောဒါဝိတ်(တောင်ကလေး)နှင့် ဂျိုကာ (မြိုင်ကလေးဘိလပ်မြေစက်ရုံ) တို့ပွဲစဉ်တွင် စောဒါဝိတ်က ဂျိုကာကိုတတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

၆၇ ကီလိုတန်းတွင် ဗိုစိုးအောင်(ဗမာ့သွေး)နှင့် သွေးသစ်ဝင်းလှိုင် (ရွှေမိုးထိငြိမ်းချမ်းရေး) တို့ပွဲစဉ်တွင် သွေးသစ်ဝင်းလှိုင်က ဗိုစိုးအောင်ကို ပထမအချီမှာပင် အလဲထိုးဖြင့်လည်းကောင်း၊ ဖိုးလပြည့်(ရွှေဖူး) နှင့် စောဘဦး (တောင်ကလေး)တို့ ပွဲစဉ်တွင် ဖိုးလပြည့်က စောဘဦးကို ပဉ္စမအချီမြောက် (နောက်ဆုံးအချီ)တွင် အနိုင်ဖြင့်လည်းကောင်း၊ စောလူမင်း (တိုက်ဂါး)နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)တို့ပွဲစဉ်တွင် ရဲတံခွန်က စောလူမင်းကို ဒုတိယအချီမှာပင် အလဲထိုးဖြင့်လည်းကောင်း၊ ညဏ်လင်းအောင် (မြိုင်ကလေး ဘိလပ်မြေစက်ရုံ)နှင့် ထွန်းနိုင်ဦး (S.T.L) တို့ပွဲစဉ်တွင် ထွန်းနိုင်ဦးက ညဏ်လင်းအောင်ကို ဒုတိယအချီမှာပင် အနိုင်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး ပွဲစဉ်များအားလုံးကို အမှတ်ပေးစနစ်ဖြင့် ဒိုင်များကယှဉ်ပြိုင်စေခဲ့သည်။

နောက်ဆုံးပွဲစဉ်ဖြစ်သော နိုင်ငံတကာအထူးစိန်ခေါ်ပွဲကို ကျင်းပရာ (၂၀၁၀)ရွှေခါးပတ်ချန်ပီယံထပ်ဆင့် ဒဂုံရွှေအောင်လံဆုရ စိုးလင်းဦး(ဒို့ရိုးရာ) နှင့် ထိုင်းနိုင်ငံမှ တာဝမ်ချိုင်းတို့ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒုတိယအချီ ၂ မိနစ် ၄၆ စက္ကန့်တွင် စိုးလင်းဦးက တာဝမ်ချိုင်းကို အလဲထိုးအပြတ်သတ်အနိုင်ရရှိခဲ့သည်။ ယနေ့ပြုလုပ်သော ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး (၂၀၁၆)နှင့် နိုင်ငံတကာအထူးစိန်ခေါ်ပွဲကို လာရောက်ကြည့်ရှုကြသော ပွဲကြည့်ပရိသတ်များပြားစည်ကားခဲ့ကြောင်း သိရသည်။

**သတင်း-စိုးဝင်း(MLA)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ကျောင်းကုန်းကျေးရွာတွင် တောင်ကျရေနှင့်အတူ ရွှံ့ညွန်များ လူနေအိမ်အတွင်းရောက်ရှိ

**ကျောက်မဲ ဇွန် ၂၆**

ကျောက်မဲမြို့နယ် ပင်ပေါကျေးရွာအုပ်စု ကျောင်းကုန်းရွာတွင် ဇွန် ၂၅ ရက် ည ၉ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် တောင်ကျရေနှင့်အတူ မျောပါလာသည့် ရွှံ့ညွန်များ နေအိမ်အတွင်းထိ စီးဝင်ခဲ့သဖြင့် နေအိမ်ခြောက်လုံးခန့် ပျက်စီးဆုံးရှုံးမှု အနည်းငယ် ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ကျောင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူ ၂၀၀ ခန့်က ယနေ့တွင် ရွှံ့ညွန်များ ဝင်ရောက်နေသော နေအိမ်များ အတွင်းမှ ရွှံ့ညွန်များကိုရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြပြီး လူအားနှင့် မဆောင်ရွက်နိုင်သည့် နေရာများတွင် ORIENTIAL HIGH WAY ကုမ္ပဏီမှ စက်အားသုံးကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် နေအိမ်အုတ်တံတိုင်းပြိုကျပျက်စီးခြင်း၊ ဓာတ်မြေဩဇာအိတ်အချို့နှင့် ဆန်အိတ်များ ပျက်စီးခြင်း၊ ပြောင်းစိုက်ခင်းအချို့ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**သိန်းသန်း(ကျောက်မဲ)**

# ဂုတ်တွင်းကားလမ်းအဆင်း တွဲကားကြီးတစ်စီးတိမ်းမှောက်

**လားရှိုး ဇွန် ၂၆**

ဇွန်လအတွင်းမိုးရွာသွန်းမှုများကြောင့် မန္တလေး-လားရှိုး-မူဆယ်ကားလမ်းရှိ ဂုတ်တွင်းလမ်းပေါ်သို့ တောင်ကျရေများကျဆင်းလာပြီး လမ်းချော်မှုများ ဖြစ်ခဲ့ရသည်။ ဂုတ်တွင်းလမ်းပိုင်းရှိ ပျက်စီးနေသော နေရာအချို့ကို ပြုပြင်နိုင်ရန်အတွက် ဇွန်၂၆ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခေတ္တလမ်းပိတ်ထားကြောင်း သိရသည်။

ဇွန်၂၆ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ဂုတ်တွင်းကားလမ်းကျောက်မဲဘက်အခြမ်း ခြောက်ထပ်ကွေ့ဒုတိယအထပ်၌ အဆင်းတွဲကားကြီးတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ လမ်းပြုပြင်ရန် ခေတ္တလမ်းပိတ်ထားခါနီးတွင် ယခုကဲ့သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တိမ်းမှောက်သွားသော တွဲကားကြီးကို ရှင်းလင်းဖယ်ရှားခြင်းနှင့် လမ်းပြင်ခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်ခဲ့ကြသည်။

ယခုရက်များအတွင်း မိုးရွာသွန်းမှုကြောင့် လမ်းချော်၍ ယာဉ်မတော်တဆမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားခဲ့ကြောင်း၊ ယခုကာလအပါအဝင် အန္တရာယ်များသော ဂုတ်တွင်းကားလမ်းတွင် ယာဉ်မောင်းသူများအနေဖြင့် အထူးသတိပြုမောင်းနှင်ကြရန် လိုအပ်ကြောင်း၊ ယာဉ်မောင်းသူများနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတိပေးနှိုးဆော်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း လမ်းရှင်းလင်းရေးနှင့် ကူညီရေးအတွက် ဆောင်ရွက်နေသည့် ကျောက်မဲခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်က ပြောသည်။

**(သီပေါကိုလတ်)**



# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပရေး ကော်မတီများအနေဖြင့် လွတ်လပ်စွာ ညှိနှိုင်းဆွေးနွေးကြပြီး အများ သဘောတူညီချက်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပသည့် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ် ဈေးရောင်းပွဲတော်ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက စာအုပ်ဈေးရောင်းပွဲတော်သည် ပထမအကြိမ်ကျင်းပခြင်းဖြစ်ပြီး အောင်အောင်မြင်မြင်ဖြစ်သွားပါက ဆောင်းရာသီ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဆက်လက်ကျင်းပသွားရန် မျှော်မှန်းထားပါကြောင်း၊ ထိုသို့ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံရေး စာပေစာတမ်းဖတ်ပွဲ ကျင်းပရေး ကော်မတီနှင့် မိုးရာသီစာအုပ် ဈေးရောင်းပွဲတော် ကျင်းပရေး ကော်မတီများမှ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သုတေသနပြင်ပ ပညာရှင်များနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ သုတေသနပြုထားသည့် အချက်အလက်များ၊ ဆောင်းပါးများ၊ စာတမ်းများ အစရှိသည့် အကြောင်းအရာများကို သုတေသနပြုရုံသက်သက်မဟုတ်ဘဲ နိုင်ငံတကာမှ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို သိလိုသည့်သူများအတွက်ပါ မျှဝေပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**







# ဖြူးမြို့နယ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုချီးမြှင့်

**ဖြူး ဇွန် ၂၆**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဖြူးမြို့နယ်အတွင်းရှိ ကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီးပညာရေးမှူး ဒေါ်မြင့်မြင့်သန်းတို့က အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး မန်းအောင်ငြိမ်းဖောင်ဒေးရှင်းနာယက ဒေါ်ခင်လေးသက်က လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦးအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်တို့က လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် ၂၁ ဦးအား တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းတို့က လည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၀ အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်တို့က လည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၁ ဦးတို့အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ခရိုင်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးတို့က လည်းကောင်း ဆုများချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်း စုစုပေါင်း ၂၂၃ ကျောင်းမှ ကျောင်းအုပ်ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သောကျောင်းသူ မနန်းငြိမ်းငြိမ်းစံနှင့် ဖြူးမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြင့် ပထမဆုရရှိသောကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မှာ အရပ်သားအဖွဲ့အစည်း ပူးပေါင်းပါဝင်မှု အရေးကြီး

**နေပြည်တော် ဇွန် ၂၆**

"ဒီမိုကရေစီအစိုးရရဲ့ သဘောတရားစံတွေမှာ အရေးကြီးတဲ့အချက်က ပြည်သူလူထု ပူးပေါင်းပါဝင်မှုပါပဲ။ ပုံစံအမျိုးမျိုးနဲ့ ပါဝင်လို့ရတယ်။ အဲဒီအချက်တစ်ချက်ကတော့ အုပ်ချုပ်ရေးယန္တရားတွေမှာ တစ်စိတ်တစ်ပိုင်း အရပ်သားအနေနဲ့ ပူးပေါင်းပါဝင်တဲ့သဘောဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ရဲ့ အဓိကမဏ္ဍိုင်ကြီးတွေထဲမှာ အရပ်သားအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ အင်မတန်အရေးကြီးပါတယ်"ဟု ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇမ္ဗူသီရိမြို့နယ်မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများ တွေ့ဆုံပွဲအခမ်းအနား အဖွင့်အမှာစကားတွင် ကောင်စီဥက္ကဋ္ဌက ထည့်သွင်းပြောကြားသည်။

"ဒီလိုတွေ့ဆုံတာက ပြည်သူပါဝင်တာတစ်စိတ်တစ်ပိုင်းဖြစ်သလို အခြားနည်းနဲ့ ပြည်သူတွေပါဝင်ဖို့ အများကြီးရှိပါတယ်။ ဘယ်အစိုးရတက်တက် ပြည်သူမပါဝင်ရင်တော့ကျဆုံးမှာပဲ။ ဗဟိုကချမှတ်လိုက်တဲ့ မူဝါဒတွေက ဘယ်လောက်ပဲကောင်းကောင်း အကောင်အထည်ဖော်တဲ့ အောက်ခြေအဖွဲ့အစည်းတွေက အစွမ်းကုန်အရည်အချင်းရှိရှိ အကောင်အထည်မဖော်ဘူးဆိုရင် မူဝါဒတွေကျဆုံးမှာပဲ။ မူဝါဒတွေကျဆုံးတာဟာ အစိုးရကျဆုံးတာနဲ့ အတူတူပါပဲ။ အဲဒီတော့ ပြည်သူပူးပေါင်းပါဝင်တဲ့ အဖွဲ့အစည်းတွေရဲ့ ပြောဆိုတင်ပြချက်တွေကို မြို့နယ်အဆင့်၊ အောက်ခြေအဆင့် အုပ်ချုပ်ရေးတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း လေးလေးနက်နက်ခံယူပြီးတော့မှ စီမံကိန်းတွေ ဖော်ဆောင်တဲ့နေရာမှာ အထက်အောက် ပြန်လည်စီးဆင်းတယ်ဆိုတဲ့ သဘောတရားအတိုင်းပဲ နားထောင်ဖို့လိုအပ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဇမ္ဗူသီရိမြို့နယ်တာဝန်ခံ ဦးအောင်မြင်ထွန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ) ဦးသန့်ဇင်က ဇမ္ဗူသီရိမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဆွေက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဌာနအလိုက် မိတ်ဆက်ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တက်ရောက်လာကြသော ရပ်မိရပ်ဖများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို တစ်ဦးချင်း မေးမြန်းဆွေးနွေးတင်ပြခြင်းများပြုလုပ်ကြရာ တင်ပြချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးပေးကြသည်။

အဆိုပါ တွေ့ဆုံပွဲကို နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဇမ္ဗူသီရိမြို့နယ်မှ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီအနေဖြင့် တာဝန်ယူပြီးသည့်နောက်ပိုင်း အောက်ခြေမြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ တွေ့ဆုံနှုတ်ဆက်သည့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

# ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံပေးအပ်

**သန်လျင် ဇွန် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများကို ဇွန် ၁၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်မှတ်တမ်းဓာတ်ပုံပြပွဲ၊ စာအုပ်ငှားရမ်းမှုနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပွဲအခမ်းအနားကို ဖျာပုံခရိုင် ဒေးဒရဲမြို့ အထက(၁)ရှိ ကရဝိက်ခန်းမဆောင်၌ ဇွန် ၂၄ ရက်နံနက်က ကျင်းပရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ လေ့လာကြစဉ်။ (၀၈၆)

# နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၊ အားကစားတက္ကသိုလ်နှင့် အားကစားပြတိုက်တို့အား ပြည်သူများပိုမိုစိတ်ဝင်စားစေရန် စီစဉ်ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၆**

မြန်မာ့အားကစားတိုးတက်မြင့်မားရေးနှင့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစား အောင်မြင်မှု ရရှိစေရေးအတွက် ရည်ရွယ်၍ မြန်မာ့လက်ရွေးစင် အားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိသော နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) အား ယမန်နေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးများသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ နိုင်ငံတကာပြိုင်ပွဲဝင် အားကစားသမားများ လာရောက်တည်းခိုရန် ပြင်ဆင်ထားသော Cluster (5)နှင့် Cluster (3) အစည်းအဝေးခန်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိသော (Sports Medical Center) သို့ သွားရောက်ပြီး ပြင်ပလူနာကုသရေးဌာန၊ ရူပဆေးကုဌာန၊ ကြွက်သားများကြံ့ခိုင်မှုစစ်ဆေးရေးဌာန၊အဆုတ်နှင့်နှလုံးကြံ့ခိုင်မှု ဆန်းစစ်ဌာန၊ ဓာတ်မှန်ဌာန၊ Ultrasound ဌာန၊ အကြောပြင်ကုသမှုဌာနတို့၌ ခေတ်မီစက်ကိရိယာများဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသမှု၊ အားကစားအထောက်အကူပြုစစ်ဆေးကုသမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Cluster(10)ရှိ အိပ်ဆောင်များအားလည်းကောင်း၊ ချက်ပြုတ်ကျွေးမွေးနေမှုများနှင့် အားကစားသမားများ နေ့လယ်စာ စားသောက်နေမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် အားကစားတက္ကသိုလ်သို့ သွားရောက်၍ အားကစားတက္ကသိုလ် စာသင်ခန်းနှင့် ခန်းမဆောင်၊ လက်တွေ့ခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားနယ်မြေရှိ အားကစားပြတိုက်သို့ ရောက်ရှိပြီး မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ ရရှိခဲ့သည့် ဆုတံဆိပ်များ၊ ဓာတ်ပုံမှတ်တမ်းများ ထားရှိမှုတို့အားလည်းကောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခုနှင့်အထက်ရရှိသော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ၏ ပုံတူရုပ်တုပြုလုပ်၍ ဂုဏ်ပြုထားရှိမှုများအား လည်းကောင်း၊ အားကစားပြတိုက်အား Video Presentation ဖြင့် ရှင်းလင်းပြသမှုအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ပြခန်းအား ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေရေး လာရောက်ကြည့်ရှုနိုင်ရေးနှင့် လက်ရှိအားကစားသမားများအား စိတ်ဓာတ်ပိုမိုတက်ကြွလာစေရန် ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

**(သတင်းစဉ်)**



## လိုင်စင်မဲ့ရေယာဉ်များ ပပျောက်ရေးနှင့် ရေကြောင်းသွားလာမှုအန္တရာယ်ကင်းရှင်းရေး ဟောပြော

**မြိတ် ဇွန် ၂၆**

မြိတ်ခရိုင်အတွင်း ပင်လယ်ပြင်၊ မြစ်ချောင်းများအတွင်း တရားမဝင်မှတ်ပုံတင်မဲ့ ရေယာဉ်များ လျော့နည်းပပျောက်ရေးနှင့် ဒေသအတွင်း ရေကြောင်းခရီးဖြင့် သွားလာနေသော ခရီးသွားပြည်သူများ၊ ငါးဖမ်းရေယာဉ်များ၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ အန္တရာယ်ကြုံတွေ့ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ ရေကြောင်းတပ်ဖွဲ့စု(မြိတ်)နှင့် အမြန်ဆက်သွယ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၄ ရက်က မြိတ်မြို့ မြန်အောင်ရပ်ကွက် သဲကွင်းရှိ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရေကြောင်းတပ်ဖွဲ့စု (မြိတ်)မှ ရေယာဉ် ရဲရင့်မာန် (၃၃၂)မှ ရေယာဉ်မှူး ရဲမှူးကျော်သက်နိုင်က စက်တပ်ရေယာဉ်မောင်းနှင်သူများ လိုက်နာရန်စည်းကမ်းချက်များ၊ ရေယာဉ်မှတ်ပုံတင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရေယာဉ်မှတ်ပုံတင်ခြင်း၏ ကောင်းကျိုးများ၊ မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေများနှင့် ညအချိန်ရေယာဉ်မောင်းနှင်သွားလာရာတွင် လိုက်နာရမည့် အသံအချက်ပြစနစ်၊ မီးအချက်ပြစနစ်များကို ရှင်းလင်းပြောကြားပြီး ရေကြောင်းခရီးသွားလာစဉ် ပင်လယ်ပြင်အတွင်း အန္တရာယ်တစ်စုံတစ်ရာကျရောက်ပါက ရေကြောင်းရဲတပ်ဖွဲ့စု (မြိတ်)နှင့် အမြန်ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များနှင့် လေလိုင်းစကားပြောစက်နံပါတ်များကို အသိပေးရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းနိုင်က အပြည်ပြည်ဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြား၍ အသက်ကယ်ပစ္စည်းများ စနစ်တကျကိုင်တွယ်အသုံးချမှုများကို သရုပ်ပြသခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရေယာဉ်ပိုင်ရှင်များနှင့် ရေလုပ်ငန်းလုပ်ကိုင်နေသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြခဲ့ပြီး ရေကြောင်းသွားလာမှုဆိုင်ရာ ဥပဒေ သိမှတ်ဖွယ်ရာများ၊ အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## တောင်သူများထံမှကောက်ခံသည့် ရေခွန်နှုန်းထားအတိုင်းကောက်ခံရန် ရွှေဘိုခရိုင် ငါးမွေးတောင်သူများလိုလားနေ

**မုံရွာ ဇွန် ၂၆**

စပါးစိုက်တောင်သူများ ရေရယူသုံးစွဲခွင့်ရသည့် အခွင့်အလမ်းကဲ့သို့ တန်းတူညီမျှစွာ တစ်ဧကလျှင် ရေခွန်ကျပ် ၁၉၅၀ နှုန်းသာ ကောက်ခံရန် ရွှေဘိုခရိုင်အတွင်းရှိ ငါးမွေးတောင်သူအများစုက လိုလားနေကြကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ငါးမွေးကန်တစ်ဧကလျှင် ရေခွန်ကျပ် ၂၀၀၀၀နှုန်းကောက်ခံနေခြင်းကြောင့် လယ်တစ်ဧကအတွက် ကောက်ခံသည့် ကျပ် ၁၉၅၀ နှုန်းထက် ၁၀ ဆကျော်ရှိနေကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနတစ်ခုတည်းတူညီနေသော်လည်း တိုင်းဒေသကြီးအလိုက် ရေခွန်ကောက်ခံမှုနှုန်းထား တူညီမှုမရှိသည့်အတွက် ကောက်ခံသည့်နှုန်းထားများကိုပြင်ဆင်၍ တန်းတူညီမျှမှုဖြစ်ရေး ငါးမွေးတောင်သူများကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တိုင်းဒေသကြီးအစိုးရထံလမ်းညွှန်မှုခံယူထားကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်းရှိ ဆည်မြောင်းလက်တံများမှ ရေရယူသုံးစွဲသည့် ငါးမွေးကန်များကို ဆည်မြောင်းဦးစီးဌာနမှ ၂၀၀၇ ခုနှစ်မှစတင်၍ တစ်ဧကလျှင်ရေခွန်ငွေကျပ်၂၀၀၀၀နှုန်း ကောက်ခံမှုပြုခဲ့ရာ ပေးဆောင်သူရှိသကဲ့သို့ ပေးဆောင်ခြင်းမရှိသူများလည်းရှိခဲ့ကြောင်း သိရသည်။

ဆည်မြောင်းဦးစီးဌာနရုံးချုပ်မှ ထိုကဲ့သို့ ရေခွန်နှုန်းထားသတ်မှတ်ရာ၌ ၂၀၀၃ ခုနှစ်အတွင်းက ဆည်ကန်များမှရေ ရယူသုံးစွဲရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်သကဲ့သို့ မြို့ပြစီးပွားရေးလုပ်ငန်းသုံးအတွက် ရေဂါလန် ၁၀၀၀ လျှင် ကျပ် ၉၀ နှုန်း၊အိမ်သုံး၊ ဝန်ထမ်းအဖွဲ့အစည်းသုံးအတွက် ရေဂါလန် ၁၀၀၀ လျှင် ၁၀ကျပ်နှုန်း ကောက်ခံသွားရန် သတ်မှတ်ချက်အပေါ်အခြေခံ၍ ရွှေဘိုခရိုင်တွင် ငါးမွေးကန်တစ်ဧကလျှင် ရေအနက်လေးပေသွင်းခြင်းအတွက် ရေဂါလန် ၁၀၀၀ လျှင် ကျပ် ၉၀နှုန်းဖြင့် ကျသင့်ငွေကျပ် ၈၆၅၀၀ မှာ များလွန်းသဖြင့် ၂၀၀၀၀ နှုန်းအဖြစ် ကောက်ခံရန် ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆည်မြောင်းဦးစီးဌာနမှ ငါးမွေးကန် တစ်ဧကလျှင် ကျပ် ၂၀၀၀၀ သတ်မှတ်၍ ကောက်ခံချိန်တွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ငါးမွေးကန် တစ်ဧကလျှင် ကျပ် ၁၈၀၀ နှုန်း ကောက်ခံကြောင်း တွေ့ရှိရသည့်အတွက် ဦးစီးဌာနတစ်ခုတည်းမှာပင် မူဝါဒနှစ်မျိုး ဖြစ်နေကြောင်း တွေ့ရှိရသည့်အပြင် အဆပေါင်း ၁၁ ဆခန့် ကျော်လွန်နေကြောင်း သိရသည်။

ထို့ကြောင့် ငါးမွေးတောင်သူများက လယ်တစ်ဧကတွင် ကောက်ခံသည့် နှုန်းထားအတိုင်း ငါးမွေးကန် တစ်ဧကလျှင် ရေခွန်ကျပ် ၁၉၅၀ နှုန်းဖြင့် ကောက်ခံခွင့်ပြုရေးအတွက် ညှိနှိုင်း တင်ပြထားခဲ့သော်လည်း ပြီးပြတ်မှုမရှိခဲ့သည့်အပြင် နောက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ထပ်မံတင်ပြခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ ရေခွန်များကို ဆက်လက်ကောက်ခံခဲ့သော်လည်း ငါးမွေးတောင်သူများအနေဖြင့် ပေးဆောင်ခဲ့မှုနည်းပါးခဲ့ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးထံ တင်ပြမှုအပေါ် ဝန်ကြီးက တိုင်းဒေသကြီးနှင့် ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် နှိုးဆော်ကောက်ခံမှုမပြုတော့ဘဲ ရပ်ဆိုင်းလျက်ရှိနေရာမှ ယခုနှစ် မေလတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကျန်ရှိနေသော ရေခွန်ကြွေးကျန်များကို ရွှေဘိုမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ပေးသွင်းရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားရန် နှိုးဆော်စာများ ထုတ်ပြန်ထားကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ငါးမွေးကန် ၃၆၆၃ ဒသမ ၁၆ ဧကရှိရာ သဘာဝမြစ်ချောင်းများမှ ရေရယူသုံးစွဲခြင်းထက် ဆည်မြောင်းရေကို ပိုမိုရယူသုံးစွဲသည့်အတွက် ရေကောင်းရေသန့်ရရှိသဖြင့် ငါးမွေးမြူရေးလုပ်ငန်းတွင် များစွာအထောက်အကူဖြစ်စေသည့်အပြင် ရွှေဘိုခရိုင်သည် သဘာဝအင်းအိုင် ငါးဖမ်းကွက်များ နည်းပါးခြင်းကြောင့် သဘာဝတိုင်းရင်းငါး ထုတ်လုပ်မှုနည်းပါးပြီး ငါးမွေးမြူရေးကဏ္ဍမှ နှစ်စဉ် ငါးပိဿာချိန် သိန်း ၈၀ ကျော်ကို ထုတ်လုပ်လျက်ရှိကာ ဒေသခံများအနေဖြင့် ဈေးနှုန်းတည်ငြိမ်သက်သာစွာ ငါးစားသုံးမှုဖူလုံစေသည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့်အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




စာပေမြင့်မှ လူမျိုးတင့်မည်

# မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဂုဏ်ယူစွာထိန်းသိမ်းသော ကျောင်းသား ကျောင်းသူများအဖြစ်ပေါ်ထွန်းလာစေရေး သင်ကြားပေးရန်ဆွေးနွေး

**ရန်ကုန် ဇွန် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဇွန် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာအတွင်းရှိ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများကို အတန်းပညာနှင့် အနုပညာဘာသာရပ် နှစ်ခုလုံးတတ်မြောက်ရေးအတွက် သင်ကြားလေ့ကျင့်ပေးရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဂုဏ်ယူစွာထိန်းသိမ်းသောကျောင်းသားကျောင်းသူများအဖြစ် ပေါ်ထွန်းလာစေရေး သင်ကြားလေ့ကျင့်ပေးရန် ဆွေးနွေးမှာကြားခဲ့သည်။ ၎င်းနောက် အနုပညာအထက်တန်းကျောင်း၏ ပန်တျာသင်တန်းနှင့် ပန်းချီ၊ပန်းပုသင်တန်း သင်ကြားနေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ Goethe Institute ဂျာမန်ဘာသာစကားနှင့် အနုပညာသင်ကြားရေးဌာနနှင့် အနုပညာကွန်ပျူတာဒီပလိုမာသင်တန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက်စစ်ဆေးရာ ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် (၆၉)ကြိမ်မြောက် အာဇာနည်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာမည့်ပြည်သူများအဆင်ပြေစွာ လေ့လာကြည့်ရှုနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကိုမှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားဇာတ်ရုံ(ရန်ကုန်)ရှိ Lighting Equipments များ၊ Sound System Equipmentsများနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းသုံးစွဲရန်နှင့် တိုးတက်လာသည့် နည်းပညာများနှင့်အညီ နားလည်သိရှိကျွမ်းကျင်စေရေးအတွက် ဝန်ထမ်းများအား သင်တန်းစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်များကိုလည်းကောင်း၊ အာဇာနည်ဗိမာန်ပြင်ဆင်နေမှုများကိုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၌



စာအုပ်၊စာစောင်များ စနစ်တကျထိန်းသိမ်းရေး၊ စနစ်တကျဝယ်ယူစုဆောင်းရေးနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်၍ စာကြည့်တိုက်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးများ ကြိုးစားဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တွင် ဒုတိယအကြိမ်မြောက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၆**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် ဒုတိယအကြိမ်မြောက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ဇွန် ၂၅ ရက်က နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းပေါ်ရှိ အသစ်ဆောက်လုပ်ထားသော လေးထပ်ဆောင်တွင် ကျင်းပခဲ့သည်။

ယင်းပြပွဲကို အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ရှိ ကျောင်းသားများအတွက် အလုပ်အကိုင်အခွင့်အရေး ပိုမိုများပြားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အရေးဆိုင်ရာ ဗဟုသုတများရရှိနိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အလုပ်ခေါ်ယူတဲ့ ကုမ္ပဏီတွေက အများကြီးဆိုတော့ အဲဒီထဲကမှ ညီမစိတ်ဝင်စားတဲ့ မားကက်တင်းပိုင်းကိုလျှောက်လွှာတင်ထားတယ်။ ဒီလိုပြပွဲက ညီမတို့အတွက် ကျောင်းပြီးတာနဲ့ အလုပ်ရရှိဖို့ အခွင့်အလမ်းအများကြီးရတယ်"ဟု တတိယနှစ် စီးပွားရေးစီမံခန့်ခွဲပညာဘာသာရပ်ကျောင်းသူ မမိုးပွင့်ဖြူက ပြောသည်။

ယင်းပြပွဲသို့ ပြည်တွင်း ပြည်ပမှ စီးပွားရေးကုမ္ပဏီများ၊ ဟိုတယ်နှင့်ခရီးသွားအေဂျင်စီများ၊သတင်းမီဒီယာများစသည့် ကုမ္ပဏီပေါင်း ၅၀ က ပါဝင်ပြသခဲ့သည်။

"ကျွန်တော်တို့ဘဏ်ကနေ အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွေရှိတိုင်း ဘဏ်လုပ်ငန်းပိုင်းမှာ စိတ်ဝင်စားတဲ့လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးပါတယ်။ ဒီပွဲမှာ အဓိကခေါ်ယူမှာက လုပ်ငန်းသုံး အင်္ဂလိပ်စာနဲ့ စီးပွားရေးလုပ်ငန်းသုံး စီမံခန့်ခွဲမှုပညာဘာသာရပ်က လူငယ်တွေကိုပါ"ဟု CB bank မှ HR မန်နေဂျာ ဦးထွန်းနိုင်လတ်က ပြောသည်။

ယင်းပြပွဲကြီးတွင် ဘွဲ့ရပြီးသောကျောင်းသား ကျောင်းသူများနှင့် လက်ရှိတက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် အချိန်ပိုင်းနှင့် အချိန်ပြည့်အလုပ်များအပြင် ကျောင်းတက်နေသော ကျောင်းသားများအတွက် အလုပ်သင်အခွင့်အရေးများပါ လျှောက်ထားခွင့်ရခဲ့ကြောင်း သိရသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် စီးပွားရေးစီမံခန့်ခွဲမှုပညာ ဘာသာရပ်၊ သတင်းအတတ်ပညာ ဘာသာရပ်၊ ခရီးသွားဆိုင်ရာအတတ်ပညာ ဘာသာရပ်နှင့် English for Professional Purpose(EPP) ဘာသာရပ်များကို သင်ကြားလျက်ရှိပြီး Diploma in IT၊ CBM စသောသင်တန်းများကိုလည်း ပုဂ္ဂလိကသင်တန်းကျောင်းများနှင့်တွဲ၍ ဖွင့်လှစ်ထားသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**

# ကုန်စည်သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ တင်ပို့ရေးဆိုင်ရာများ မဟာရန်ကုန်မြို့ပြစီမံကိန်းတွင်ထည့်သွင်းနိုင်ရေး ပဏာမ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၆**

မဟာရန်ကုန်မြို့ပြ စီမံကိန်းအတွက် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ တင်ပို့ရေးတို့နှင့် ပတ်သက်၍ ထည့်သွင်းနိုင်ရေး ပဏာမညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ စားသုံးသောကုန်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာတင်ပို့မည်ဆိုလျှင် ပို့ဆောင်ရေး၊ သိုလှောင်ရေး၊ တင်/ချရေးအပိုင်းက အရေးကြီးကြောင်း၊ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်မှသာလျှင် ကုန်စည်ပို့ဆောင်ရေးသွက်လက်ပြီး နိုင်ငံတကာဈေးကွက်သို့ သွက်သွက်လက်လက်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူ၊ စားသုံးသူများကလည်း သင့်တော်သည့်ဈေးရမည်ဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးတွင် မျှတသောဈေးရလျှင် အကောင်းဆုံးဖြစ်ကြောင်း၊ Logistic စရိတ်ကိုပြန်ကြည့်လျှင် ကမ္ဘာမှာရော ဒေသတွင်းနိုင်ငံတွေမှာပါ မိမိတို့နိုင်ငံကုန်ကျစရိတ်မှာ အကြီးဆုံးဖြစ်နေသည်ကိုတွေ့ရကြောင်း၊ ကုန်ကျစရိတ်ကို လျှော့ချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ညှိနှိုင်းဖော်ထုတ်ရမည်ဖြစ်ကြောင်း။

မဟာရန်ကုန် မြို့ပြစီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းကျပ်တည်းပိတ်ဆို့မှုဖြစ်ခြင်း၊ မန္တလေး-မူဆယ်ကားလမ်းကြောင်း ပိတ်ဆို့မှုဖြစ်ခြင်းများကို ရေတိုဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ရေလတ်၊ ရေရှည်အတွက် ဖြေရှင်းနိုင်ရေး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ Hardware ပိုင်းများကို စတင်ရှင်းလင်းနေပြီး Software ပိုင်းများကို ဆက်ရှင်းရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးတွင် လမ်းတံတားကအစ အဆင်ပြေအောင် ဆောင်ရွက်နေကြောင်း၊ လိုအပ်လျှင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီကို ရယူမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသော ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ပညာရှင်များ၊ အဖွဲ့အစည်းများကလည်း မိမိတို့အတွေ့အကြုံကိုမူတည်၍ ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းအကြံပေး ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Logistic နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ ရေကြောင်းပို့ဆောင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားမည့်အစီအမံ၊ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိ Logistic အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နေမှု၊ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအား ချပြကာ ဆောင်ရွက်သင့်သော အစီအမံများအား ရှင်းလင်းပြောကြားပြီး ရန်ကုန်မြို့ပြစီမံကိန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်သွားမည့် Logistic ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များက ဌာနအလိုက်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်သင့်သည့် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များ၊ ပြုပြင်ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းများကို ပွင့်လင်းစွာ အကြံပြုဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင် ပထမဆုံးအကြိမ် အိမ်ခြံမြေသီးသန့်အရောင်းပြပွဲကျင်းပ

**မန္တလေး ဇွန် ၂၆**

မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် အိမ်ခြံမြေသီးသန့်အရောင်းပြပွဲကြီးအား ဇွန် ၂၅ ရက်က မန္တလေးမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကွန်ဒိုယဉ်ကျေးမှုကိုစိတ်ဝင်တစားရှိလာခဲ့ပြီး မန္တလေးမြို့တွင်လည်း ကွန်ဒိုများ ဆောက်လုပ်နေပြီဖြစ်သောကြောင့် ကွန်ဒိုအရောင်းပြခန်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ လုံးချင်းတိုက်ခန်းများနှင့်အတူ အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီများကလည်း ပါဝင်ပြသပေးလျက်ရှိကြောင်း C&D Group ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းထက်က ပြောသည်။

ပြပွဲတွင်ပြသရောင်းချနေသည့် အိမ်ရာတိုက်ခန်းများ၏ဈေးနှုန်းများက အနိမ့်ဆုံးငွေကျပ် သိန်း ၆၀၀ မှ ကျပ်သိန်း ၁၀၀၀၀ အထိပါဝင်ပြီး အရစ်ကျစနစ်များဖြင့်ရောင်းချမှုများပြုလုပ်ပေးမည်ဖြစ်ကာ ပြပွဲတွင်လာရောက်ဝယ်ယူသူများအတွက်လည်း ငွေသားကံစမ်းမဲနှင့် Discount အစီအစဉ်များလည်း ပါဝင်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါပြပွဲအား ဇွန်၂၅ ရက်မှ ၂၈ ရက်အထိ ပြသပေးသွားမည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ငွေဆောင်၊ မေမြို့နှင့် အမေရိကန်နိုင်ငံမှ ကုမ္ပဏီတစ်ခုအပါအဝင် ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၃၀ ပါဝင်ပြသ အခန်းအရေအတွက် စုစုပေါင်း ၆၀ပြသပေးလျက်ရှိသည်။

ထို့ပြင် အိမ်ခြံမြေရောင်းဝယ်မှုနှင့် ပတ်သက်သည့် ဆောင်ရန်၊ရှောင်ရန်များနှင့် ရောင်းမှား၊ဝယ်မှား ပြဿနာရပ်များကို သိရှိနိုင်စေရန်အတွက် အိမ်ခြံမြေဆိုင်ရာ ဟောပြောပွဲကို ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ ပြုလုပ်ပေးမည်ဖြစ်ပြီး ဦးစိုင်းခွန်နောင်၊ ဦးတင်မောင်၊ ဦးကြည်စိုး(I.C)နှင့် ဆရာလင်းသိုက်ညွန့်တို့က ဟောပြောပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

# (၄၂)ကြိမ်မြောက် စေတန်ဆုပေးပွဲတွင် စတားဝါးဇာတ်ကား ဆုအများဆုံးဖြင့် ဦးဆောင်




၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၁၆ နှစ်ဦးပိုင်းတွင် ထွက်ရှိခဲ့သည့် ရုပ်ရှင်ဇာတ်ကားများအနက်မှ သိပ္ပံအက်ရှင်ဇာတ်ကား၊ သည်းထိတ်ရင်ဖို၊ စိတ်ကူးယဉ်ဇာတ်လမ်းစသည့် ဇာတ်လမ်းအမျိုးအစားကဏ္ဍအလိုက် ဂုဏ်ပြုဆုချီးမြှင့်သည့် စေတန်ဆုပေးပွဲကို (၄၂)ကြိမ်မြောက်အဖြစ် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် Burbank မြို့တွင် ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။

ယင်းဆုပေးပွဲတွင် Star Wars: The Force Awakens ဇာတ်ကားက ဆုအမျိုးအစား ၁၃ မျိုး၏ ဆန်ခါတင် ဆုစာရင်းတွင် ပါဝင်ခဲ့ပြီး အကောင်းဆုံးစိတ်ကူးယဉ်သိပ္ပံဇာတ်ကားဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံးမင်းသားဆု၊ ဇာတ်ဆောင်ဆု၊ အကောင်းဆုံးနောက်ခံတေးဂီတဆု၊ တည်းဖြတ်မှုအကောင်းဆုံးဆု၊ အထူးပြုလုပ်ချက်အကောင်းဆုံးဆုနှင့် မိတ်ကပ်ပြင်ဆင်မှုအကောင်းဆုံးဆုစသည့် ဆုရှစ်ခု ရရှိဆွတ်ခူးခဲ့သည်။

ထို့အပြင် ရုပ်သံဇာတ်လမ်းတွဲတွင် ဆုအများဆုံးဆွတ်ခူးခဲ့သည့် ဇာတ်ကားမှာ The Walking Dead ဖြစ်ပြီး ဆုသုံးခုရရှိဆွတ်ခူးခဲ့သည်။

အကောင်းဆုံးမင်းသားဆုကို Star Wars ဇာတ်ကားမှ မင်းသားဟာရီစွန်ဖို့ဒ်၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ယင်းဇာတ်ကားမှ အေဒမ်ဒရိဘာ၊ အကောင်းဆုံးမင်းသမီးဆုကို Mad Max: Fury Road ဇာတ်ကားမှ မင်းသမီး Charlize Theron၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို Crimson Peak ဇာတ်ကားမှ မင်းသမီးဂျက်စီကာချက်စတိန်းတို့က အသီးသီးရရှိခဲ့ကြသည်။

ဆက်လက်ပြီး ရုပ်သံဇာတ်လမ်းတွဲဆုများတွင် အကောင်းဆုံးသည်းထိတ်ရင်ဖိုဇာတ်လမ်းတွဲအဖြစ် The Walking Dead က လည်းကောင်း၊ အကောင်း ဆုံးသိပ္ပံဇာတ်လမ်းတွဲအဖြစ် Continuum က လည်းကောင်း အသီးသီး ရရှိခဲ့ကြကြောင်း သိရသည်။

## နှစ်ရှည်စာချုပ်ဖြင့် ဂီတလှုပ်ရှားမှုအသစ်များဆောင်ရွက်မည့် တေးသံရှင် ကယ်လီကလပ်ဆွန်



သီချင်းလည်းဆိုပြီး သီချင်းတွေလည်းရေးရုံသာမက ကလေးစာအုပ်စာပေများရေးသားလေ့ရှိသူ ကယ်လီကလပ်ဆွန်က Atlantic Records နှင့် စာချုပ်ချုပ်ဆိုကာ နှစ်ရှည်ဂီတလှုပ်ရှားမှုအသစ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၂၀ ရက်က တရားဝင်ထုတ်ပြန်ခဲ့သည်။

တေးသံရှင် ကယ်လီကလပ်ဆွန်အနေဖြင့် ယင်းသို့စာချုပ်သစ်ချုပ်ဆိုရခြင်းမှာ ၎င်း၏ ၂၀၁၇ ခုနှစ်တွင် အသစ်ထွက်ရှိမည့် အယ်လ်ဘမ်တစ်ခုလုံးအား အချိန်ကြာမြင့်စွာ စိတ်ကူးထားသည့်အတိုင်း စိတ်ကြိုက်ဖန်တီးလိုခြင်းနှင့် မိမိနှစ်သက်သည့်ဂီတအမျိုးအစားအပေါ်တွင် စိတ်ကြိုက်ရွေးချယ်ဖန်တီးလိုခြင်းတို့ကြောင့်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ဂရမ်မီသုံးဆုရှင် ကယ်လီကလပ်ဆွန်က "ကျွန်မကလေးဘဝကတည်းက စိတ်ကူးရှိခဲ့ပါတယ်။ သီချင်းတွေဖန်တီးရင်းနဲ့ပဲ သေသွားချင်ပါတယ်။ အခု အယ်လ်ဘမ်သစ်ကို Atlantic Records နဲ့ ဖန်တီးရမှာကို အလွန်စိတ်လှုပ်ရှားနေပါတယ်"ဟု ဆိုသည်။

# Deadpool 2 ကို ၂၀၁၇ နှစ်ဦးပိုင်းတွင် စတင်ရိုက်ကူးသွားမည်

မာဘယ်၏ရုပ်ပြကာတွန်းကို အခြေခံကာရိုက်ကူးထားသည့် Deadpool ရုပ်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည့် Deadpool 2 ကို ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကားထုတ်လုပ်သူက အတည်ပြုပြောကြားခဲ့သည်။

"Deadpool 2 ဇာတ်ကားအတွက် ဇာတ်ညွှန်းပိုင်းဆိုင်ရာလုပ်ငန်းတွေ စတင်နေပြီဖြစ်ပါတယ်။ လာမယ့်နှစ်နှစ်စလောက်မှာ ရိုက်ကူးရေးလုပ်ငန်းတွေ စတင်နိုင်မယ်လို့ မျှော်လင့်ရပါတယ်"ဟု (၄၂)ကြိမ်မြောက် စေတန်ဆုပေးပွဲအခမ်းအနားတွင် Deadpool ရုပ်ရှင်ဇာတ်ကား၏ ထုတ်လုပ်သူဆိုင်မွန်ကင်ဘတ်ချ်က Collider.com သတင်းဌာနသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

Deadpool 2 ဇာတ်ကားတွင် ပထမဇာတ်လမ်းတွဲမှ သရုပ်ဆောင်ဖြစ်သည့် ရိုင်ယန်ရေးနိုးလ်စ်နှင့် ဒါရိုက်တာအဖြစ် တင်မ်မိုင်လာတို့လည်း ပြန်လည်ပါဝင်မည်ဖြစ်သည်။

သူရဲကောင်း(စူပါဟီးရိုး)အသားပေး ဇာတ်ကားမျိုးမဟုတ်ဘဲ အထူးတပ်ဖွဲ့တာဝန်ထမ်းဆောင်ခဲ့သည့် စစ်သားတစ်ဦးက ကြေးစားစစ်သားတစ်ဦးဖြစ်လာကာ အစမ်းသပ်ခံလူသားအဖြစ် စမ်းသပ်ခံခဲ့ရပြီးနောက် ဟာသဉာဏ်ရှင်သည့် လူသားစစ်သားဘဝ Deadpool ဖြင့် ၎င်းအားဒုက္ခပေးခဲ့သူများကို ရှာဖွေလက်စားချေပုံများကို ဟာသနှောကာရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။



Deadpool ဇာတ်ကားသည် ယခုနှစ်၏ MTV Movie Awards ဆုပေးပွဲတွင် Best Comedic Performance ဆုကို ခေါင်းဆောင်မင်းသား ရိုင်ယန်ရေးနိုးလ်က ရရှိခဲ့သည်။ ထို့အပြင် ယင်းဇာတ်ကားကို ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းက စတင်ရုံတင်ပြသခဲ့ပြီး လူကြိုက်များသည့် ဇာတ်ကားတစ်ကားဖြစ်ခဲ့ကာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၇၈ သန်းကျော်ရရှိခဲ့သည်။ ထို့အပြင် ယင်းဇာတ်ကား သည် ၂၀၁၆ ခုနှစ်၏ ပဥ္စမမြောက်ဝင်ငွေအများဆုံးဇာတ်ကားတစ်ကားအဖြစ်လည်း ရပ်တည်ခဲ့သည်။

**မျိုးစန္ဒာမောင်**
**စုစည်းသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၇- ၆ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ - အဖွင့်
  - မိုးလေဝသအစီအစဉ်
  - ပြည်သူ့နီတိ"ပြောလိုက်ပါမယ်"
- ၆း၅၀ - ကာတွန်းအစီအစဉ် "Brave" (အပိုင်း-၂)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းသောနေ့သစ်ဆီ" (အပိုင်း-၂၇)
- ၇း၂၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နှင်း. . . စေလိုရာစေ" (အပိုင်း-၇)
- ၈း၂၀ MRTV-4 Entertainment Music
- ၉း၃၀ ရွှေမန်းဇာတ်သဘင် (အပိုင်း-၁)
- ၁၀း၀၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၁၀း၁၀ စစ်ကိုင်းဂစ်တာ
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၄၀ မြန်မာဗွီဒီယိုဇာတ်လမ်း "မြားနတ်မောင် ကူပါဦး"
- ၁၂း၀၀ - အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၄၀ "ဝက်မလေးရဲ့သံသရာ" တရားတော် [ဆရာတော်အရှင်သုစိတ္တ (မော်ကျွန်း)]
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ သွားမယ်စားမယ် (The TAJ)
- ၄း၀၅ Cartoon Series (Go Go Giggles)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၀၆)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၅၄)
- ၈း၀၀ Drive It
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၃၃)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် ဂျန်းယောလ်ရှီးလ်" (အပိုင်း-၂၅)
- ၉း၅၅ အနုပညာမိုးကောင်းကင်
- ၁၀း၁၅ MRTV-4 Stage
- ၁၀း၄၀ World of Knowledge (Supercarrier:Airport At Sea)
- ၁၁း၃၀ သွားမယ်စားမယ်(The TAJ)

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၃၅ "ပြည်သူ့အတွက်ပထမရက်(၁၀၀)" (နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန)
- ၉း၃၅ မြန်မာအသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၀း၃၅ စိုက်ပျိုးရေးရာအဖြေရှာ "စိုက်ပျိုးရေးတွင်ရေ၏ အရေးပါမှုကဏ္ဍများ"
- ၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၂)
- ၁း၃၀ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "တစ်ခိုင်လုံးရွှေအငြိမ့်" (မင်းသမီး- အေးအေးမြင့်၊ လူရွှင်တော်- ချစ်ချော၊ ပွမ်ပွမ်၊ အေးချမ်း၊ ထက်လင်း)
- ၂း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ် တေးအရသာ (ဂီတရိပ်သာ) (အပိုင်း-၁၆၀)
- ၃း၃၅ Tasty Trip
- ၄း၁၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရသစာပေအရေး အသားအထူးပြု) (မြန်မာကဗျာ-၂)
- ၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၅း၃၅ Yes or No Talk Show
- ၆း၃၅ ဥပဒေရေးရာအဖြာဖြာ (ကွက်လပ်ဖြည့်ပါ)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၄၉)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာတသင်း မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -မျက်မှောက်ရေးရာသုံးသပ်စရာ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၃) နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား" (အပိုင်း-၇) "နေမဝင်အလှများ" (ဒေါ်တင်တင်နွဲ့၏ နေမဝင်လှများ) (အပိုင်း-၃)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၈း၀၅ VOAအင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရွှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
- ၉း၂၀ ကျန်းမာသုတ
- ၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၁၀း၀၀ Casual Talk
- ၁၀း၁၅ အစွန်းလွတ်ရာဆီသို့
- ၁၀း၂၅ မေးမြန်းစူးစမ်း
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၁၀ မြန်မာ့ရှုခင်း
- ၁၁း၂၅ ပျိုပျိုမေ
- ၁၁း၃၅ Cooking Art
- ၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၀၀ အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ
- ၁၂း၃၀ လူတိုင်းကျမ်းမာသိမှတ်စရာ
- ၁၂း၄၅ Guide For You
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုတ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် (အပိုင်း-၃၂)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရူဏ်ဦးရဲ့ ချစ်ပန်းသခင် (အပိုင်း-၃၂)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်း၏အလကာ အပိုင်း(၂၂)
  - ဘောလုံးကန်ကြမယ်
  - ကြယ်ကလေးတို့ရဲ့ ဂီတမိုး ကောင်းကင်
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟိုတယ်ဘုရင် အပိုင်း(၄၀)



# ပေါ်တူဂီအသင်း ယူရိုပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်အသင်းနှင့် တွေ့မည်

ပေါ်တူဂီအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ရှုံး/ထွက်ပွဲစဉ်တစ်ပွဲဖြစ်သည့် ခရိုအေးရှားအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ယူရိုပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ပေါ်တူဂီအသင်းနှင့် ခရိုအေးရှားအသင်းတို့ပွဲစဉ်တွင် နှစ်သင်းစလုံးသည် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ သာမန်ပွဲကစားချိန်မိနစ် ၉၀ အတွင်း ပြိုင်ပွဲ၏ ရလဒ်ထွက်ပေါ်ခဲ့ခြင်းမရှိခဲ့သဖြင့် အချိန်ပိုမိနစ် ၃၀ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပေါ်တူဂီအသင်းက ပွဲကစားချိန် ၁၁၇ မိနစ်တွင် ကွာရီစမာ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် ခရိုအေးရှားအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပိုလန်အသင်းသည် ယူရိုပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြစ်သည့် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့သည့်အသင်းဖြစ်သည်။

# တိုက်စစ်မှူး နေမာ ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုမည်

ဘရာဇီးတိုက်စစ်မှူး နေမာသည် ၂၀၂၂ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး နေမာအား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေပြီး လက်ရှိတွင် ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုတော့မည်ဟု ဆိုသည်။

တိုက်စစ်မှူးနေမာသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၄၈ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။





# စာချုပ်သစ်အတွက် တောင်းဆိုမည်မဟုတ်ဟု အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန် ပြောကြား

အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်သည် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးပါက အင်္ဂလန်အသင်းနည်းပြအဖြစ် ဆက်ရှိရေးအတွက် စာချုပ်သစ်ချုပ်ဆိုရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အား တောင်းဆိုသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြရွိုင်းဟော့ဂ်ဆန်၏ အင်္ဂလန်အသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းသည် ယူရိုပြိုင်ပွဲပြီးချိန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ပြင်သစ်မြေ၌ အင်္ဂလန်အသင်း၏ ရလဒ်ပိုင်းကောင်းမွန်ခဲ့မှသာ အင်္ဂလန်အသင်းနည်းပြအဖြစ် ရွိုင်းဟော့ဂ်ဆန်ဆက်ရှိလိမ့်မည်ဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ဂရက်ဒိုက်ခ်က ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းသည် အုပ်စုအဆင့်တွင် ဝေလအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်မရမီ ရုရှားအသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင်လည်း ဆလိုဗက်ကီးယားအသင်းကို ဂိုးမရှိသရေရလဒ်သာ ကစားနိုင်ခဲ့သည်။ ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင် ကစားသမားခြောက်ဦးအထိအပြောင်းအလဲလုပ်ခဲ့ပြီး ၁၆ သင်းအဆင့်သို့ အုပ်စုဒုတိယနေရာမှ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - စုစည်းရေးသားသည်

# ယူရိုပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ ဝေလအသင်း ပထမဆုံးအကြိမ်တက်လှမ်း

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်များကို ဇွန် ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝေလအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့၏ ပွဲစဉ်တွင် ဝေလအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ဝေလအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့သည် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ၁၆ သင်းအဆင့်သို့ ပထမဆုံးအကြိမ်တက်လှမ်းလာခဲ့သည့်အသင်းများဖြစ်ပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအကြိတ်အနယ်ကစားခဲ့သော်လည်း ဝေလအသင်းမှာ မြောက်အိုင်ယာလန်အသင်းမှ မက်အော်လေး၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလိုဖြစ်ခဲ့သည့် သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝေလအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့သည် ၁၉၅၈ ခုနှစ်နောက်ပိုင်း အဓိကပြိုင်ပွဲကြီးများတွင် ရှုံး/ထွက်အဆင့် ပြိုင်ပွဲအဖြစ် ပထမဆုံးယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်ပြီး မြောက်အိုင်ယာလန်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယူရိုပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

မြောက်အိုင်ယာလန်အသင်းသည် ဝေလအသင်းနှင့် နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့သည့် ကိုးပွဲတွင် လေးပွဲသရေ၊ ငါးပွဲရှုံးခဲ့ပြီး ကိုးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည့် မှတ်တမ်းလည်းဝင်သွားခဲ့သည်။ဝေလအသင်းသည် ကွာတားဖိုင်နယ်တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်တွင် ဟန်ဂေရီအသင်း သို့မဟုတ် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



# မြဝတီမြို့နယ်၌ ကွန်ကရစ်လမ်း ၁၁ လမ်းခင်းခြင်းနှင့် ရေနုတ်မြောင်း နှစ်ခုပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



**မြဝတီ ဇွန် ၂၆**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်း ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်လုပ်ငန်းများအဖြစ် အများပြည်သူသွားလာရေး အဆင်ပြေစေရန်နှင့် ရေစီးရေလာကောင်းမွန်ပြီး သန့်ရှင်းသာယာလှပစေရန်အတွက် ကွန်ကရစ်လမ်းများခင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်းများကို မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြဝတီမြို့မှာ အခုဆိုရင် လမ်းတော်တော်များများ ကွန်ကရစ်လမ်းတွေဖြစ်လာတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ နယ်စပ်မြို့ဖြစ်တာကြောင့် ယာဉ်သွားလာမှုနဲ့ ခရီးသွားပြည်သူများတဲ့အတွက် ကွန်ကရစ်လမ်းတွေနဲ့ဆိုတော့ များစွာအဆင်ပြေပါတယ်" ဟု ယာဉ်မောင်းကိုမင်းသူက ပြောသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းပေါင်း ၃၅၆၅ သိန်းဖြင့် စုစုပေါင်း ၂ မိုင် သုည ဒသမ ၆၉ ဖာလုံရှိ ကွန်ကရစ်လမ်းပေါင်း ၁၁ လမ်းကို ခင်းပေးခဲ့ခြင်းဖြစ်သည်။ အလားတူ ရေနုတ်မြောင်းနှစ်ခု ဖောက်လုပ်ခြင်းကို ခွင့်ပြုငွေကျပ် ၅၄ သိန်း ၅ သောင်းဖြင့် ဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဓာတ်ကြိုးများအစားထိုးလဲလှယ်



**မတ္တရာ ဇွန် ၂၆**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဗိုလ်တေဇရပ်ကွက်တွင် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်ကြိုးများ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဇွန် ၂၂ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဓာတ်အားကြိုးများအစားထိုးလဲလှယ်ခြင်းလုပ်ငန်းတွင် ဗိုလ်တေဇရပ်ကွက် လမ်းသွယ်(၃)လမ်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ၄၀၀ ဗို့ 25 mm ACSR ကြိုး ပေ ၈၅၀ ကို 95 mm ACSR coated 3 Phase 5 Wire ဖြင့်အစားထိုးလဲလှယ်ခြင်း၊ လမ်းမီးအတွက် 50 mm ကြိုးများကိုတပ်ဆင်ခြင်း ဆက်စပ်ပစ္စည်းများဖြစ်သည့် ၄၀၀ ဗို့ ကွန်ကရစ်တိုင် သံလက်တန်းနှင့် ကြွေသီးများလဲလှယ်ဆောင်ရွက်ခဲ့ကြောင်းသိရပြီး ဆောင်ရွက်ပြီးစီးပါက လျှပ်စစ်ဗို့အားကို ပြည့်ဝစွာသုံးစွဲနိုင်မည့်အပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနပိုင် မျိုးစေ့ထုတ်စခန်းရှစ်ခုမှ မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ချိပေးနေ

**မုံရွာ ဇွန် ၂၆**
စိုက်ပျိုးရေးတောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် အထွက်နှုန်းကောင်းသည့်သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ မုံရွာ၊ ကန့်ဘလူနှင့် တန့်ဆည်မြို့နယ်တို့တွင် စိုက်ပျိုးရေးဦးစီးဌာနပိုင် မျိုးစေ့ထုတ်စခန်းရှစ်ခုမှ မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဦးမြို့နယ် ရေဦးခြံ၊ ရွှေဘိုမြို့နယ် ချီပါခြံ၊ ခင်ဦးမြို့နယ် ဝွေးကုန်းခြံ၊ မုံရွာမြို့နယ်အတွင်း ကြေးမုံကျေးရွာရှိ ကြေးမုံခြံ၊ ကန့်ဘလူမြို့နယ်အတွင်းရှိ မြေမွန်ခြံနှင့် ကန့်ဘလူခြံ၊ တန့်ဆည် မြို့နယ်အတွင်းရှိ ဝက်တိုး (၁) နှင့်ဝက်တိုး (၂) စသည့် ခြံငါးခြံမှ မျိုးကောင်းမျိုးသန့် စပါး၊ပဲစင်းငုံ၊ ကုလားပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ ထုတ်လုပ်ပြီး တိုင်းဒေသကြီးအတွင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ရာသီဥတုတွေပြောင်းလဲလာတဲ့အတွက် စိုက်ပျိုးရေလုံလောက်စွာမရှိတာတွေ၊ မြေဆီလွှာပျက်စီးမှုတွေ၊ ပိုးမွှားအန္တရာယ်ကျရောက်တာတွေကြောင့် အထွက်နှုန်းကျဆင်းလာတဲ့အတွက် ဒေသရာသီဥတု၊ မြေအခြေအနေနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေကို စိုက်ပျိုးရေးသုတေသနခြံတွေကဖြန့်ဝေတဲ့မျိုးစေ့တွေကို မျိုးစေ့ထုတ်စခန်းတွေက စိုက်ပျိုးပြီး တောင်သူတွေလက်ထဲအရောက် ဖြန့်ဝေပေးတာပါ၊ ဟိုတုန်းကတိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးဖို့ပဲ ထုတ်လုပ်တာပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး မုံရွာမြို့နယ် ကြေးမုံမျိုးစေ့ထုတ်စခန်းကနေပြီးထုတ်တဲ့ ပဲစင်းငုံမျိုးစေ့တွေကို မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးအတွင်းကို ဖြန့်ဝေပေးနေပါပြီ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

အဆိုပါမျိုးစေ့ထုတ်စခန်းများဖြစ်သော ရေဦးမြို့နယ် ရေဦးခြံ၊ ရွှေဘိုမြို့နယ်ချီပါခြံ၊ ခင်ဦးမြို့နယ် ဝွေးကုန်းခြံတို့မှ ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ မနောသုခနှင့် မှော်ဘီ (၂) စပါး မျိုးစေ့များကိုလည်းကောင်း၊ မုံရွာမြို့နယ် ကြေးမုံခြံမှ ကုလားပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းမျိုးစေ့များကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် မြေမွန်ခြံမှ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်းမျိုးစေ့များကိုလည်းကောင်း၊ ကန့်ဘလူခြံ၊ တန့်ဆည်မြို့နယ် ဝက်တိုး (၁) ခြံနှင့် ဝက်တိုး (၂) ခြံတို့မှ အစေ့ထုတ်ပြောင်းမျိုးစေ့များကိုလည်းကောင်း ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

## စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း (၁/၂၀၁၆) သင်တန်းဆင်း

**မကွေး ဇွန် ၂၆**
မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း (၁/၂၀၁၆) ဆင်းပွဲအခမ်းအနားကို ဇွန် ၂၄ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး စီမံကိန်းရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီး စီမံကိန်း ဦးစီးရုံးမှ ညွှန်ကြားရေးမှူး ဦးစန်းလွင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။ ဆက်လက်ပြီး ထူးချွန်ဆုများကို တိုင်းအဆင့်ဌာနဆိုင်ရာများက ပေးအပ်ရာ ထူးချွန်ဆုရရှိသည့် သင်တန်းသားများက လက်ခံရယူခဲ့သည်။

သင်တန်းကို ဇွန် ၂ ရက်မှ ဇွန် ၂၄ ရက်ထိဖွင့်လှစ်ပေးခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်းဌာနဆိုင်ရာဝန်ထမ်းသင်တန်းသား ၂၆ ဦး၊ ပြင်ပသင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းကို သင်တန်းတက်ရောက်သည့် သင်တန်းသားများအနေဖြင့် စီမံကိန်းသဘောသဘာဝနှင့် စဉ်းစားနည်းများကို အခြေခံနားလည်သွားမည်ဖြစ်ပြီး သင်တန်းအတွေ့အကြုံအရ ပြည်သူဗဟိုပြုစီမံကိန်းများရေးဆွဲရာတွင် ပိုမိုထိရောက်လာမည်ဖြစ်သည်။

ယင်းအပြင် အခွန်၏သဘောတရား၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတများ သင်တန်းသားများ၏စီးပွားရေးဆိုင်ရာ စဉ်းစားတွေးခေါ်ချက်များကို အထောက်အကူပြုမည်ဖြစ်သည့်အပြင် မကွေးတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ညီညီမောင်(မကွေး)**

■

## ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဆိုင်ရာရှင်းလင်း

**ရေး ဇွန် ၂၆**
မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဆိုင်ရာရှင်းလင်းခြင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းညွန့်က အခွန်ဆိုင်ရာသိကောင်းစရာများကို ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ၂၀၁၆ ခုနှစ်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် ရေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအောင်ထွန်းခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ မြို့နယ်ကော်မတီသုံးရပ်မှ တာဝန်ရှိသူများ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ အခွန်ထမ်းမိဘပြည်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ရက် ၁၀၀ စီမံချက် ဖြင့် ကျေးရွာမြေပြာဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မင်းတပ် ဇွန် ၂၆**
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက် အဖြစ်ဆောင်ရွက်သည့် ၁၀ နှစ်အာမခံမြေပြာဂရန် ထုတ်ပေးနိုင်ရေးအတွက် မင်းတပ်မြို့နယ် လာလောင်းထွီးအုပ်စု ထင်ချောင်းကျေးရွာသို့ အသိပညာပေးခြင်းနှင့် ကျေးရွာမြေများတိုင်းတာခြင်းတို့ကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမြေပြာဂရန်ထုတ်ပေးနိုင်ရေးအတွက် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ မင်းတပ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် မြို့နယ်မြေပြာဂရန်ထုတ်ပေးရေးအဖွဲ့သည် ထင်ချောင်းကျေးရွာသို့ ကွင်းဆင်း၍ မြေပြာဂရန်နှင့်ပတ်သက်သည့် အသိပညာပေးခြင်းနှင့် ကျေးရွာမြေတိုင်းတာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

"ထင်ချောင်းကျေးရွာသည် အိမ်ခြေ ၄၆ အိမ်ရှိပြီး မြေပြာဂရန်ထုတ်ပေးနိုင်သည့်အချက်များနှင့် ပြည့်စုံသည့်အတွက် ရွေးချယ်ရခြင်းဖြစ်ကြောင်းနှင့် မြေပြာဂရန်ထုတ်ပေးခြင်းဖြစ် ကျေးရွာပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများရရှိပြီး မြေပြာဂရန်ပိုင်ဆိုင်မည်ဖြစ်ကြောင်း" မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူးကပြောသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**



၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ်မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



(တက္ကသိုလ် ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၁၅)

တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ အမေရိကန်ပြည်ထောင်စုကဦးဆောင်ပြီး အာရှနဲ့ပစိဖိတ်ဒေသက နိုင်ငံပေါင်း ၁၂ နိုင်ငံ ပါဝင်တဲ့ Trans-Pacific Partnership-TPP ကုန်သွယ်ရေးသဘောတူညီချက်ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာ ဆိုးကျိုးတွေကိုတန်ပြန်ကျော်လွှားနိုင်ဖို့ တန်ပြန်ဆောင်ရွက်တဲ့ အစီအစဉ်ဖြစ်တယ်လို့လည်း နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်ကြပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့က နယူးဇီလန်နိုင်ငံ၊ အော့ကလန်မြို့မှာ လက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၁၈ ခုနှစ် နှစ်စပိုင်းမှာ စတင်အသက်ဝင်လာဖို့ရှိတဲ့ TPP သဘောတူညီချက်မှာ မည်သည့်နိုင်ငံမဆို အဖွဲ့ဝင်ဖြစ်ဖို့ သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ပြည့်မီရင် ပါဝင်နိုင်တယ်လို့ ပြောကြားထားပါတယ်။

ဒါပေမယ့် ဒီသဘောတူညီချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးမှာ အခွန်နှုန်းထားလျှော့ချရေး အပါအဝင် မြင့်မားတဲ့ အလုပ်သမားအခွင့်အရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းစံထားများပါဝင်တဲ့ ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းစည်းကမ်းအသစ်တွေ ဖန်တီးဖော်ထုတ်သွားဖို့ ရည်မှန်းဆောင်ရွက်နေတာကြောင့် တရုတ်နိုင်ငံဟာ လက်ရှောင်နေခဲ့ပါတယ်။ TPPမှာ အမေရိကန်၊ ဂျပန်၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဘရူနိုင်း၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ မက္ကဆီကို၊ ချီလီနဲ့ ပီရူးနိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ TPP အဖွဲ့ဝင်နိုင်ငံတွေဟာတစ်ချိန်မှာ အီးယူလို တစ်ခုတည်းသော ဈေးကွက်ကြီး ဖြစ်လာဖို့ ရှိပါတယ်။

TPP သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံတွေအကြား အခွန်ကင်းလွတ်ခွင့် အစီအစဉ်ကြောင့် တရုတ်နိုင်ငံဟာ နှစ်ပေါင်းများစွာ ဈေးနှုန်းသက်သာတဲ့ ကုန်ပစ္စည်းတွေ ရောင်းချနိုင်ခဲ့တဲ့ အားသာချက်ဟာ ဆုံးရှုံးရတော့မယ့် အခြေအနေမှာရှိနေပါတယ်။ TPP သဘောတူညီချက် အသက်ဝင်လာခဲ့ရင် အမေရိကန်ပြည်ထောင်စုဟာ သူတရုတ်နိုင်ငံက ဝယ်ယူတင်သွင်းနေရတဲ့ ချည်ထည်တွေကို ဗီယက်နမ်နိုင်ငံဆီက ပြောင်းရွှေ့ဝယ်ယူမယ့် အလားအလာရှိပါတယ်။ အမေရိကန် လက်ရှိအချိန်မှာ တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းနေတဲ့ ချည်ထည်ပမာဏရဲ့ တစ်ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံဆီက အစားထိုးပြောင်းလဲဝယ်ယူတိုင်း တရုတ်နိုင်ငံဟာ ပြည်ပပို့ကုန်ဝင်ငွေ ဒေါ်လာ ၈၈၈ သန်း လျော့နည်းလာဖို့ရှိပါတယ်။ တရုတ်နိုင်ငံဟာ လက်ရှိအခြေအနေမှာလည်း ကုန်သွယ်ဖက်နိုင်ငံတွေရဲ့ စီးပွားရေးကျဆင်းနေမှုကြောင့် ပြည်ပပို့ကုန်တွေ လျော့နည်းလာနေတဲ့အချိန်မှာ TPP သဘောတူညီချက် အသက်ဝင်လာခဲ့ရင် တရုတ်နိုင်ငံရဲ့ စီးပွားရေးအပေါ် ထိခိုက်လာဖို့ ရှိပါတယ်။ TPP မှာ တရုတ်နိုင်ငံ မပါဝင်ဘဲ ဆက်လက်ရှိနေခဲ့မယ်ဆိုရင် ရေရှည်မှာ တရုတ်နိုင်ငံဟာ သူ့ရဲ့နှစ်စဉ် ဂျီဒီပီရဲ့ ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ လျော့နည်းထိခိုက်လာစေနိုင်တယ်လို့ တွက်ချက်ထားကြပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ သူ့ရဲ့အကြီးဆုံးကုန်သွယ်ဖက်ဒေသဖြစ်တဲ့ ဥရောပနိုင်ငံများနဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ပြန်လည်မြင့်မားလာစေရေးအတွက် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ကို အလေးထား အကောင်အထည်ဖော်ခြင်း ဖြစ်တယ်လို့ သုံးသပ်မှုများလည်း ရှိပါတယ်။

**တရုတ်နိုင်ငံဟာ ၂၀၀၉ ခုနှစ်ကစပြီး အာဆီယံအဖွဲ့ကြီးရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ပြီး အာဆီယံအဖွဲ့ကြီးဟာတရုတ်နိုင်ငံရဲ့ အကြီးဆုံး ကုန်သွယ်ဘက်ဒေသအဖြစ် ၂၀၁၁ ခုနှစ်က စတင်ပြီး ဖြစ်လာခဲ့ပါတယ်။ အရှေ့တောင်အာရှဒေသတွင်းမှာ အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်း မွန်လာခြင်းဟာ နှစ်ဖက်ကုန်သွယ်မှုတွေကို ပိုမိုမြှင့်တင်နိုင်မှာဖြစ်**

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ တရုတ်နိုင်ငံရဲ့ နိုင်ငံပိုင်စီးပွားရေးကုမ္ပဏီကြီးများအတွက်ရော၊ ပုဂ္ဂလိကကဏ္ဍက လုပ်ငန်းများအတွက်ပါ ပြည်ပနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေ အမြောက်အမြားပေါ်ထွက်လာစေမယ့် မဟာဗျူဟာတစ်ရပ် ဖြစ်ပါတယ်။ အထူးသဖြင့် မော်တော်ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်းလုပ်ငန်းများအပါအဝင် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ပိုမိုအကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံတွင်းမှာ၊ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းမြင့်မားတဲ့ နိုင်ငံရဲ့အရှေ့ပိုင်းကမ်းရိုးတန်းဒေသတွေမှာ လုပ်ခလစာတွေမြင့်မားလာမှုကြောင့် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွေကို နိုင်ငံအနောက်ပိုင်းဒေသတွေနဲ့ ပြည်ပနိုင်ငံတွေဆီကို ရွှေ့ပြောင်းဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကိုလည်း ပေါ်ထွက်လာစေမှာဖြစ်ပါတယ်။

ဒါ့အပြင် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီ အစဉ်မှာ ပါဝင်တဲ့နိုင်ငံတွေအတွက်လည်း အကျိုးအမြတ်ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံတွင်းမှာ အဆင့်မြင့်ဆိပ်ကမ်းကြီးတွေ၊ ရထားလမ်းကြီးတွေနဲ့ အခြားအခြေခံအဆောက်အအုံတွေ ပိုမိုများပြားလာခဲ့ရင် နိုင်ငံရဲ့ ကူးသန်းရောင်းဝယ်မှု၊ သယ်ယူပို့ဆောင်မှုတွေ ကောင်းမွန်လာစေမှာဖြစ်ပြီး ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်မှာ ပါဝင်နေတဲ့ နိုင်ငံတွေရဲ့ ပြည်ပနိုင်ငံများနဲ့ ကုန်သွယ်မှုအပေါ် မှီခိုမှုနှုန်းထားဟာ ၃၆ ရာခိုင်နှုန်းရှိတဲ့အတွက် ကမ္ဘာ့ပျမ်းမျှ နှုန်းထားဖြစ်တဲ့ ၂၅ ရာခိုင်နှုန်းထက် များစွာပိုမိုနေတာကိုတွေ့ရပါတယ်။ တရုတ်နိုင်ငံနဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်မှာ ပါဝင်နေတဲ့ နိုင်ငံတွေအကြား ကုန်သွယ်မှုပမာဏဟာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ဩဂုတ်လအထိ ကာလအတွင်းမှာ ဒေါ်လာ ၄၈၅ ဒသမ ၃၇ ဘီလီယံရှိခဲ့ပြီး ဒီပမာဏဟာ ၂၀၂၅ ခုနှစ်မှာ ၂ ဒသမ ၅ ထရီလီယံဒေါ်လာအထိရှိလာမယ်လို့ တွက်ချက်ခန့်မှန်းထားကြပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်ဟာ ပြည်ပပို့ကုန်တင်ပို့မှုကို ဦးစားပေးတဲ့ စီးပွားရေးပုံစံကနေ ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပနိုင်ငံများမှာသွားရောက်ရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေးတဲ့စီးပွားရေးပုံစံကို ပြောင်းလဲနေတဲ့ အချိန်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးအရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ ချူကလီးယားစွမ်းအင်နည်းပညာနဲ့ မြန်နှုန်းမြင့်ရထားနည်းပညာစတဲ့ တန်ဖိုးမြင့်အဆင့်မြင့်နည်းပညာထုတ်ကုန်ပစ္စည်းတွေကို နိုင်ငံတကာကို ပိုမိုတင်ပို့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာကို အထောက်အကူပြုစေမှာဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်မှာ အရေးပါတဲ့နေရာကနေ ပါဝင်လျက်ရှိပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၀၉ ခုနှစ်ကစပြီး အာဆီယံအဖွဲ့ကြီးရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ပြီး အာဆီယံအဖွဲ့ကြီးဟာ တရုတ်နိုင်ငံရဲ့အကြီးဆုံးကုန်သွယ်ဘက်ဒေသအဖြစ် ၂၀၁၁ ခုနှစ်ကစတင်ပြီး ဖြစ်လာခဲ့ပါတယ်။ အရှေ့တောင်အာရှဒေသတွင်းမှာ အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းဟာ နှစ်ဖက်ကုန်သွယ်မှုတွေကို ပိုမိုမြှင့်တင်နိုင်မှာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ထိုင်းနိုင်ငံနဲ့ ၈၆၇ ကီလိုမီတာ အရှည်ရှိတဲ့ ရထားလမ်းဖောက်လုပ်ရေးအတွက် နှစ်ဖက်သဘောတူညီချက်ကို ၂၀၁၅ ခုနှစ်အတွင်းမှာ လက်မှတ် ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီရထားလမ်းဟာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ကူမင်းမြို့ကနေ ထိုင်းနိုင်ငံ နောင်ခိုင်ပြည်နယ်ကိုဖြတ်ပြီး ဗန်ကောက်မြို့ကနေ ရယောင်းပြည်နယ်အထိ ရောက်ရှိမှာဖြစ်ပါတယ်။ ရထားလမ်းဖောက်လုပ်ရေးကာလဟာ သုံးနှစ်ကြာမြင့်မှာဖြစ်ပြီး ဒီရထားလမ်းပြီးစီးခဲ့ရင် ထိုင်းနိုင်ငံရဲ့ ဆန်နဲ့ လယ်ယာထွက်ကုန်တွေ ပိုမိုအဆင်ပြေ ချောမွေ့စွာ တင်ပို့နိုင်မှာဖြစ်ပါတယ်။ ကူမင်းကနေ ဗန်ကောက်အထိ ဒေါ်လာ ၁၁၀ ခန့်သာ ကုန်ကျမယ့် ဒီရထားလမ်းကြောင့် ထိုင်းနိုင်ငံကို နှစ်စဉ်လာရောက်လည်ပတ်တဲ့ တရုတ်နိုင်ငံသား နှစ်သန်း ပိုမိုလာရောက်လည်ပတ်ကြမယ်လို့လည်း ခန့်မှန်းထားကြပါတယ်။ ဒါ့အပြင်တရုတ်နိုင်ငံက ဖောက်လုပ်ဖို့ ကတိပြုထားတဲ့ စင်ကာပူ-ကူမင်း ရထားလမ်းဟာလည်း ကူမင်းကနေ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတွေကိုဖြတ်ပြီး စင်ကာပူအထိ ၁၀ နာရီနဲ့ ခရီးနှင်မယ့် ပို့ဆောင်ရေး ကွန်ရက်တစ်ခုဖြစ်ပြီး ၂၀၁၉ ခုနှစ်မှာ ပြီးစီးဖို့ရှိပါတယ်။

တရုတ်နိုင်ငံဟာ လာမယ့် ငါးနှစ်အတွင်းမှာ ပြည်ပနိုင်ငံတွေဆီထွက်ပြီး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မယ့်ပမာဏဟာ ဒေါ်လာ ဘီလီယံ ၅၀၀ ရှိပြီး ပြည်ပနိုင်ငံတွေဆီကို သွားရောက်လည်ပတ်ကြမယ့် တရုတ်နိုင်ငံသားဦးရေဟာ သန်း ၅၀၀ ရှိလာမယ်လို့ တွက်ချက်ခန့်မှန်းထား ကြပါတယ်။ ဒီပမာဏတွေကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးအင်အားနဲ့ တရုတ်ဈေးကွက်ကြီးဟာ ၂၁-ရာစုရဲ့ ပထမကာလဝက်အတွင်းမှာ ကမ္ဘာ့စီးပွားရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်မယ်ဆိုတာ ပေါ်လွင်နေပါတယ်။ တရုတ်နိုင်ငံသားစုစုပေါင်း ၁၃၉ သန်းဟာ ၂၀၁၅ ခုနှစ်အတွင်း ပြည်ပနိုင်ငံတွေဆီကို ကမ္ဘာလှည့်ခရီးသွားခဲ့ကြရာမှာ ၂၀၁၄ ခုနှစ်ကထက် ၁၉ ဒမသ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်တွေရဲ့ ပြည်ပနိုင်ငံတွေမှာ ဝယ်ယူသုံးစွဲမှုဟာ ၂၀၁၅ ခုနှစ်အတွင်းမှာ ဒေါ်လာ ၂၀၀ ဘီလီယံရှိခဲ့ပါတယ်။ အခုဆိုရင် ဗြိတိန်နိုင်ငံဟာ တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်တွေအတွက် ဗီဇာစည်းမျဉ်းလျှော့ချမှုတွေ၊ ပြည်ဝင်ဗီဇာကြေး လျှော့ချပေးမှုတွေ ပြုလုပ်ပေးနေတာဟာ တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားတွေရဲ့ ဈေးကွက်ကို ရယူနိုင်ဖို့ ကြိုးပမ်းချက်တစ်ရပ်ဖြစ်ပါတယ်။ တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားတစ်ဦးရဲ့ ဗြိတိန်နိုင်ငံမှာ ပျမ်းမျှသုံးစွဲမှုဟာ ၂၆၈၈ ပေါင် ရှိတဲ့အတွက် တရုတ်နိုင်ငံသား ၂၂ ယောက်လာလည်ရင် ဗြိတိန်နိုင်ငံသား တစ်ဦးအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်တဲ့နိုင်ငံများနဲ့ နှစ်နိုင်ငံချင်းအလိုက်၊ နိုင်ငံစုံပါဝင်မှုအလိုက် စတဲ့နည်းလမ်းများနဲ့ ချဉ်းကပ်ဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာလည်း အတင်းအကြပ် ဖိအားပေးမှုထက် ညှိနှိုင်းဆွေးနွေးပြီး နှစ်ဖက်လိုအပ်ချက်တွေထပ်တူကျလာတဲ့အထိ စိတ်ရှည်ရှည်နဲ့ အချိန်ယူဆောင်ရွက်သွားမယ့်အနေအထားမှာရှိနေပါတယ်။ ဒီရပ်ဝန်းတစ်ခု လမ်းကြောင်း တစ်ခုအစီအစဉ်မှာ ပါဝင်လိုတဲ့နိုင်ငံတွေလည်း မိတ်ဖက်အဖြစ် အားလုံးပါဝင်နိုင်မှု (All-inclusive partnership) ကိုလည်း ဖွင့်ပေးထားပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသာမကဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ ကိုက်ညီလာစေရန်၊ အခြေခံအဆောက်အအုံနဲ့ပတ်သက်တဲ့ နည်းပညာဆိုင်ရာ စံနှုန်းစံထားတွေ တစ်ပြေးညီ ဖြစ်လာစေရန်၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးတွေကို ဖယ်ရှားသွားနိုင်ရန်၊ လွတ်လပ်စွာကုန်သွယ်မှုဇုန်တွေ တည်ထောင်နိုင်ရန်နဲ့ ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများအကြား ခင်မင်ရင်းနှီးမှု တိုးမြင့်လာစေဖို့ ယဉ်ကျေးမှု၊ ပညာရေး၊ သတင်းမီဒီယာ၊ လူငယ်နဲ့အမျိုးသမီးကဏ္ဍတွေမှာ အပြန်အလှန်ဖလှယ်မှုတွေ မြှင့်တင်ဆောင်ရွက်ဖို့အထိ ရည်မှန်းထားတာ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေနဲ့အညီ တရုတ်နိုင်ငံဟာ လက်ရှိဆောင်ရွက်နေတဲ့ သံတမန်နည်းလမ်းတွေ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မယ်ဆိုရင် လာမယ့် ၁၀ နှစ်တာကာလအတွင်းမှာ ပေါင်းစည်းဆက်နွှယ်မှုရှိလာမယ့် အာရှ-ဥရောပ ကုန်းမြေနဲ့ အာဖရိကဒေသစီးပွားရေးစနစ်တစ်ရပ်ဟာ တရုတ်နိုင်ငံကို ဗဟိုပြုပြီး ထွက်ပေါ်လာဖို့ရှိပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ဥရောပ၊ အာဖရိက၊ အာရှအလယ်ပိုင်းနဲ့အရှေ့အလယ်ပိုင်း ဒေသတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြင့်လာပြီး ကုန်သွယ်မှုပမာဏတွေ များပြားလာရင် အဲဒီဒေသတွေမှာ တရုတ်နိုင်ငံဟာ အဓိကကုန်သွယ်ဖက်နိုင်ငံအဖြစ် သူ့ရဲ့အခန်းကဏ္ဍနဲ့ နိုင်ငံရေးအရ လွှမ်းမိုးနိုင်စွမ်း (Political clout) ကို မြင့်မားလာစေမှာဖြစ်ပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ တရုတ်နိုင်ငံသုံးယွမ်ငွေကို နိုင်ငံတကာသုံး ငွေကြေး ဖြစ်လာစေဖို့ မျှော်မှန်းချက်ကလည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ Special Drawing Rights-SDR စာရင်းထဲကို ယွမ်ငွေကိုထည့်သွင်းလိုက်ခြင်းကြောင့် များစွာအထောက်အကူပြုစေမှာဖြစ်ပါတယ်။ အလားတူ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုမှာပါဝင်တဲ့ စီမံကိန်းတွေကို အောင်မြင်စွာအကောင် အထည်ဖော်နိုင်ဖို့ငွေကြေးအထောက်အပံ့ပြုမယ့် ငွေကြေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) ကို ဥရောပဒေသက ဖွံ့ဖြိုးပြီး နိုင်ငံလေးနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၇ နိုင်ငံ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က စတင်ဖွင့်လှစ်လည်ပတ်နိုင်ခြင်းဟာလည်း တရုတ်နိုင်ငံအတွက် နိုင်ငံရေးအရ အောင်မြင်မှုနောက်ထပ်ခြေလှမ်း တစ်လှမ်းဖြစ်ပါတယ်။ ဒီနေရာမှာ လွန်ခဲ့တဲ့ ၁၈ နှစ်ဖြစ်တဲ့ ၁၉၉၇ ခုနှစ်က အာရှငွေကြေး အကျပ်အတည်းဖြစ်ပွား နေစဉ်ဂျပန်နိုင်ငံက အာရှငွေကြေးရန်ပုံငွေ (Asian Monetary Fund) တစ်ရပ်တည်ထောင်ဖို့ အဆိုပြုခဲ့စဉ်က မည်သည့်နိုင်ငံကမျှ မထောက်ခံခဲ့တဲ့အတွက် အောင်မြင်မှုမရခဲ့တဲ့ သမိုင်းဖြစ်စဉ်နဲ့ နှိုင်းယှဉ်ရင် တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ဖွံ့ဖြိုးပြီး နိုင်ငံအချို့ရဲ့ ထောက်ခံမှုကို ရရှိနေတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

ဒါကြောင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်ဟာ ရေရှည်မှာ အာရှ-ဥရောပ ကုန်းမြေကို တစ်ဆက်တစ်စပ်တည်းဖြစ်စေပြီး မြေကြောရှုံ့သွားစေမှာဖြစ်သလို တရုတ်နိုင်ငံကို ဗဟိုပြုပြီး အာရှနဲ့ဥရောပဒေသ၊ အာဖရိကဒေသ၊ အာရှအလယ်ပိုင်းဒေသ၊ အရှေ့အလယ်ပိုင်း ဒေသများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပြင် ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုတွေ များပြားလာတဲ့ လူမှုအသိုက်အဝန်းတစ်ရပ်အထိ ဖြစ်လာစေနိုင်တဲ့အတွက် နိုင်ငံရေးအရ အနေအထားသစ်တစ်ရပ် (New political landscape) ကိုတောင် ဖြစ်ပေါ်လာစေနိုင်တယ်လို့ လေ့လာသူတွေက သုံးသပ်ထားကြပါတယ်။ တရုတ်နိုင်ငံက လက်ရှိခေါင်းဆောင်ကြီးတွေရဲ့ သံတမန်ဆိုင်ရာ ခရီးစဉ်တွေကို လေ့လာကြည့်ရင်လည်း ဒီလမ်းကြောင်းကို ဦးတည်လျှောက်လှမ်းနေတယ်ဆိုတာကို ဖော်ပြနေပါတယ်။ တစ်နည်းအားဖြင့် တရုတ်နိုင်ငံဟာ ငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (Peaceful development) ကို ကိုင်စွဲပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်နေတဲ့ စီမံကိန်းကြီးလည်း ဖြစ်ပါတယ်။ ။

# ကလေးကလားတွေမဟုတ် စရွေးမများအောင်လုပ်



ဓာတ်ပုံ–Eureferendum. blogspot. com

à ကိုရင်ညြ

ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့ကြောင့် အကွဲကွဲအပြားပြား ဖြစ်ခဲ့ကြရသော ဥရောပနိုင်ငံများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုတို့အရ ဆက်သွယ် ပေါင်းကူးပေးထားသော ဥရောပသမဂ္ဂ(အီးယူ)မှ ခွဲထွက်ရန် ယူနိုက်တက်ကင်းဒမ်း(ယူကေ) (ခေါ်) ဂရိတ်ဗြိတိန်နိုင်ငံ၏ ပြည်သူများက ဇွန် ၂၃ရက်တွင် မဲပေးဆုံးဖြတ်လိုက်ကြရာ စုစည်းညီညွတ်သော ဥရောပတိုက်ဖြစ်ရေးဟူသော ဦးတည်ရည်မှန်းချက်ရှိသူ လူခပင်းတို့မှာ ဟာကနဲဟင်ကနဲ ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ကြရလေ၏။

ဥရောပတိုက်၏ ပေါင်းစည်းမှုအင်အားတည်ရာ ဥရောပသမဂ္ဂ(အီးယူ)ဟူသည်ကား နိုင်ငံရေးနှင့် စီးပွားရေးသမဂ္ဂကြီးဖြစ်ပြီးလျှင် အဖွဲ့ဝင် ၂၈ နိုင်ငံတို့ သမူဟပြုပေါင်းစု ပါဝင်ခဲ့ကြလေသည်။

ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပပြီးလျှင် အဆင်းလည်းလှ၊ အချင်းလည်းလှသည့် လူ့အဖွဲ့အစည်းတစ်ရပ်၏ ပြယုဂ်တစ်ရပ်အဖြစ် စတုရန်းမိုင်၁၆၆၉၈ဝ၈မိုင်ဧရိယာကိုလွှမ်းခြုံသော သမဂ္ဂအဖြစ် ကမ္ဘာ့အလယ်ကြွားကြွားဝင့်ဝင့် တင့်တင့်တယ်တယ် ရပ်တည်ခဲ့သည်။

သို့သော်ငြားလည်း ပူပူနွေးနွေး မဲဆန္ဒပေးပွဲကြီး၌ ဥရောပသမဂ္ဂအတွင်း အဖွဲ့ဝင်အဖြစ် ယူကေဆက်လက်ရှိနေရေး (တွဲရေး)ဘက်မှ ထောက်ခံသူ ၄၈ ဒသမ ၁ ရာခိုင်နှုန်း၊ အီးယူအတွင်း အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ခြင်းမရှိဘဲ နုတ်ထွက်ရေး (ခွဲရေး)ဘက်မှ ထောက်ခံသူ ၅၁ ဒသမ ၉ ရာခိုင်နှုန်းဟူ၍ အဖြေပေါ်ခဲ့ပြီဖြစ်ရာ သိုက်သိုက်ဝန်းဝန်းရပ်တည်ခဲ့သော အဖွဲ့အစည်းကြီးအတွင်းမှ ယူကေခွဲထွက်လေပြီဟု ကမ္ဘာတစ်ခွင် သောင်းသောင်းညံညံ အသံဗလံများ မိုးယံအထိ လွင့်ပျံ့ခဲ့ရလေသည်။

အီးယူမှ ယူကေ ခွဲထွက်ရေးဘက်မှ မဲအသာရလိုက်ခြင်းကြောင့် ခိုးလိုးခုလုဖြစ်ရသူများမှာ တွဲရေးထောက်ခံသူများဖြစ်ကြပြီး သူတို့၏ မျှော်မှန်းချက်မှာ သဲထဲရေသွန်ဖြစ်ရလေပြီ။

**ဥရောပသမဂ္ဂ၏မူလဘူတ**

အီးယူကို ၁၉၅၇ခုနှစ်တွင် နိုင်ငံခြောက်နိုင်ငံနှင့်အတူ သမူဟပြု ပေါင်းစုလျက် ဖွဲ့စည်းထူထောင်ခဲ့ပြီးလျှင် ယူကေက ၁၉၇၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်တွဲခဲ့သည်။

ယူကေသည်ကား အီးယူ၏ အဖွဲ့ဝင်ဖြစ်လာသည့်တိုင်အောင် ယူရိုငွေကြေး၏ အခန်းကဏ္ဍအပေါ် မချင့်မရဲ ယုံကြည်စိတ်နည်းပါးနေခဲ့၏။ အီးယူနိုင်ငံအများစုက ယူရိုငွေကြေးကို ဘုံငွေကြေးအဖြစ် သုံးစွဲလာကြသည့်တိုင်အောင် ယူကေက ယင်း၏ စတာလင်ပေါင်ငွေကိုသာ ဆက်လက်သုံးစွဲနေခဲ့၏။ အီးယူနိုင်ငံများအတွင်း နိုင်ငံကူးလက်မှတ်မပါဘဲ ခရီးသွားလာခွင့်ပြုသော အစီအစဉ်တွင်လည်း ယူကေပါဝင်ခြင်း မပြုပါလေ။

စကတည်းက ယဉ်သကို ဟူဘိသို့ပင် ယူကေ၏ 'ရွှေနန်းကျော့ရှင်' စိတ်ဓာတ်မှာ မူလဘူတအရပင်လျှင် ကိန်းအောင်းသန္ဓေစွဲနေသည်ဟု ကျွန်ုပ်တို့ရှုမြင်ကြရသည်။

အကြောင်းမူကား ခွဲထွက်ရေး အမြင်ရှိသူများက ဥရောပအသိုက်အဝန်းမှနေ၍ သူတစ်လူငါတစ်မင်းခွဲထွက်ရန် ရှေးမဆွကပင်လျှင် ကြိုးပမ်းခဲ့သည်ကို ထူးထူးခြားခြား တွေ့မြင်ရလေသည်။

စိတ်ဝင်စားစရာကောင်းလှပြီး တိမ်မြုပ်နေသည့်အချက်တစ်ချက်မှာ ခွဲရေး၊ တွဲရေးကိစ္စနှင့်ပတ်သက်၍ လူထုဆန္ဒခံယူပွဲကျင်းပခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်ဆိုသော အချက်ဖြစ်သည်။

ပထမအကြိမ် လူထုဆန္ဒခံယူပွဲမှာ ၁၉၇၅ ခုနှစ်က ဝန်ကြီးချုပ် ဟာရိုး ဝီလဆင်ခေါ်ယူခဲ့သော လူထုဆန္ဒခံယူပွဲတည်း။

ထိုစဉ်က အီးယူ၏ အမြုတေအဖွဲ့အစည်းဖြစ်ခဲ့သော 'ဥရောပဘုံဈေးအဖွဲ့' (အီးအီးစီ)မှ ယူကေနုတ်ထွက်ရန် ပြည်တွင်းမှ အတိုက်အခံများက တွန်းတွန်းတိုက်တိုက် တောင်းဆိုခဲ့ကြခြင်းကြောင့် နိုင်ငံရေးမငြိမ်မသက်ဖြစ်လာရသည့်အဆုံး လူထုဆန္ဒခံယူပွဲကို ကျင်းပပေးခဲ့သည်။

နောက်ဆုံးရလဒ် ပေါ်ထွက်လာသည်ကား အီးအီးစီတွင် ယူကေဆက်လက်ရှိနေရန် မဲဆန္ဒရှင် ၆၇ ရာခိုင်နှုန်းက ထောက်ခံမဲများကို ပုံအောပေးခဲ့ကြခြင်းဖြစ်သည်။

ပြည်သူ့ဆန္ဒကို အစိုးရအဖွဲ့က အလေးထားရသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ခွဲရေးတွဲရေးကိစ္စ ငြိမ်းအေးသွားခဲ့ပြန်သည်။

**ဥရောပသမဂ္ဂမှ ဘာကြောင့်ထွက်ချင်ကြ**

အီးယူက ဗြိတိန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိကပါးရိကပါး ပြုလုပ်နေသည်ဟု ပြည်သူအများအပြားက ရှုမြင်နေကြခြင်းသည် ခွဲရေးဘက်ကို မီးလောင်ရာလေပင့် ဖြစ်စေ၏။

အာဏာရ ကွန်ဆာဗေးတစ်ပါတီနှင့် ယူကေလွတ်လပ်ရေးပါတီတို့မှ ပုဂ္ဂိုလ်အများအပြားက ယုံကြည်ကြသည်ကား ယခုကျင်းပသည့် လူထုဆန္ဒခံယူပွဲသည် နိုင်ငံ့သမိုင်းတွင် အကြီးကျယ်ဆုံးသော နိုင်ငံရေးအလောင်းအစားပြုမှုနှင့် တူနေသည်ဆိုခြင်းပင်။

အီးယူနှင့် ယူကေတို့ မျှဝေခံစားနေကြရသော ပြဿနာပေါင်း သောင်းခြောက်ထောင်သည်ကား တစ်နေ့တစ်မျိုး မရိုးအောင် ဖြေရှင်းနေကြရသည့် ကိစ္စရပ်များတည်း။

ငါးတကာ ယိုသည့်ချေး ပုစွန်ဆိတ်ခေါင်းမှာစု ဟူဘိသို့ပင် အီးယူ၏ ခေါင်း၌ ပြဿနာများပြည့်နှက်နေ၏။ အဖွဲ့ဝင်နိုင်ငံတိုင်း၏ ပြဿနာများသည် အီးယူ၏ ခေါင်း၌ စုပုံနေသည်ဟု ဆိုရချိမ့်မည်။

အီးယူအတွက် ဂုဏ်မတက်ဘဲ ဂုဏ်ပျက်ရသည့် ပြဿနာတစ်ရပ်ကို ညွှန်းဆိုရသော် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဿနာကို ထိပ်ဆုံး၌ တွေ့ရသည်။

ပြဿနာ၏ ဇာစ်မြစ်ကို ရှုလတ်သော် အီးယူအဖွဲ့ကြီးကို တိုးချဲ့ဖွဲ့စည်းခြင်းမှ အစတည်၏။ အီးယူအဖွဲ့ကြီးအတွင်း ဆင်းရဲနွမ်းပါးသော ဥရောပနိုင်ငံငယ်များ ပါဝင်ခွင့်ရရှိလာခဲ့ရာမှ လူဝင်မှုတည်းဟူသော ပြဿနာသည် ပျားအုံကို တုတ်နှင့်ထိုးလိုက်ဘိသကဲ့သို့ အကျယ်အကျယ် မငြိမ်းဖွယ်ရှိလာရ၏။

ဥရောပသမဂ္ဂ အဝန်းအဝိုင်းအတွင်း ပြည်သူများတံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ရရှိရေး လှုပ်ရှားမှုကြောင့် ဆင်းရဲသားနိုင်ငံများမှ ပြည်သူများက ချမ်းသာသောနိုင်ငံများသို့ ပညာသင်ရန်၊ အလုပ်လုပ်ရန်၊ ရွှေ့ပြောင်းအခြေစိုက်နေထိုင်ရန်စသည့် ဘဝရည်မှန်းချက်များနှင့်အညီ ဥဒဟိုဝင်ရောက် လာခဲ့ကြသည်။

ဘဝတက်လမ်းအတွက် ဗြိတိန်နိုင်ငံ၌ ခိုလှုံချင်သူများ၊ နေထိုင်ချင်သူများ တရိပ်ရိပ်တိုးလာခဲ့သည်။ ရွှေပြည်တော်သို့ ရောက်ရန် အညတရ ကျေးတောသားတို့က မျှော်မှန်းကြသည်။ ရွှေဘုံပေါ်မှာ စံချင်သူတွေ များခဲ့သည်။

ငှက်ပျောတော မျောက်အုပ် ဝင်စီးသလို ဗြိတိန်နိုင်ငံအတွင်းသို့ အခြားသော ဥရောပနိုင်ငံများမှ ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများ အုံနှင့်ကျင်းနှင့် ဝင်ရောက်လာခဲ့ကြလေရာ လူဝင်မှုဆိုင်ရာ ပြဿနာကို ဗြိတိန်အစိုးရကရော၊ ပြည်သူများကပါ မျှဝေခံစားလာကြရသည်။ နိုင်ငံ၏ အရင်းအမြစ်များဟူသည် အကန့်အသတ်ဖြင့်သာ ရှိပေရာ အရင်းအမြစ်များကို မျှဝေသုံးစွဲလာရသည့်အခါ ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများအပေါ် အိမ်ရှင်ပြည်သူတို့က ငြိုငြင်လာကြသည်။ ထို့အပြင် အစိုးရအဖွဲ့မှာ သက်သာချောင်ချိရေး (လူမှုဖူလုံရေး) အသုံးစရိတ်များ တရိပ်ရိပ်တိုးမြင့်လာမှုနှင့် ရင်ဆိုင်

လ ၁
ရ သည်။
ရွှေ့ပြောင်း အခြေ
စိုက် နေထိုင်မှုကို ဆန့်ကျင်
သော နိုင်ငံရေးပါတီများက ဥရောပ
သမဂ္ဂအတွင်း တံခါးမရှိ၊ ဓားမရှိ ရွှေ့ပြောင်းသွားလာနေမှုများကို အဆုံးသတ်ပေးရန် ကျယ်ကျယ်လောင်လောင် တောင်းဆိုလာကြ၏။ တစ်ဖက်တွင်မူ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများက အမျိုးသားစီးပွားရေး တိုးတက်အောင် ပါဝင်ကူညီနေသည်ဟု ထောက်ခံပြောဆိုသံများကိုလည်း နားနှင့် မဆံ့အောင် ကြားကြရ၏။

ခွဲရေးတွဲရေးဆိုင်ရာ ရှုထောင့်အမြင်များကို လုံခြုံရေးကဏ္ဍ၌လည်း သိသိသာသာ တွေ့မြင်ရလေသည်။

နိုင်ငံတကာ အကြမ်းဖက်မှု ပြဿနာများက ကမ္ဘာတစ်ဝန်းလုံးကို ခြိမ်းခြောက်လာနေချိန်တွင် ဥရောပသမဂ္ဂအတွင်း ဗြိတိန်နိုင်ငံ ဆက်လက်ရှိနေခြင်းဖြင့် နိုင်ငံအတွက် လုံခြုံမှု ပိုမိုရရှိစေနိုင်သည်ဟု ယူဆသူများက တွဲရေးကို ထောက်ခံကြပြီးလျှင် နယ်စပ်ဒေသ လူဝင်မှုကို ဗြိတိန်နိုင်ငံက ထိန်းချုပ်ခြင်း မရှိပါက လုံခြုံရေး ဘေးအန္တရာယ်များ ဘီလူးသရဲစီးသလို ပူးဝင်လာနိုင်သည်ဟု စိုးရိမ်ထိတ်လန့်နေသူများက ခွဲရေးကို ထောက်ခံကြလေသည်။

အလုပ်အကိုင်နေရာပေါင်း သုံးသန်းအထိမှာ ဥရောပသမဂ္ဂနှင့် ချိတ်ဆက်ထားသဖြင့် အီးယူမှ ခွဲထွက်လျှင် အလုပ်သမား ဈေးကွက်ကြီး ကျွမ်းထိုးမှောက်ခုံဖြစ်သွားနိုင်သည်ဟု တွဲရေးသမားများက စောဒကတက်ကြသည်။ တစ်ဖက်တွင်မူ ဥရောပသမဂ္ဂ၏ စည်းမျဉ်းဘောင်ခတ်မှု မရှိတော့လျှင် အလုပ်သမား ဈေးကွက် ဖွံ့ဖြိုးစည်ပင်လာနိုင်သည်ဟု ခွဲရေးသမားများက ယူဆကြသည်။

ဗြိတိန်နိုင်ငံ၏ ကုန်သွယ်မှုတွင် ၄၅ ရာခိုင်နှုန်းမှာ ဥရောပသမဂ္ဂအတွင်း လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်လေရာ တစ်ခုတည်းသော ဥရောပဈေးကွက်၊ အကောက်ခွန်လွတ် ကုန်သွယ်မှုနှင့် နယ်စပ်ဒေသ ထိန်းချုပ်မှုတို့နှင့် ချိတ်ဆက်ထားနိုင်ရန် အီးယူတွင် ဆက်လက်ရှိနေသင့်သည်ဟု တွဲရေး ထောက်ခံသူများက ဆိုကြသည်။

ဗြိတိန်နိုင်ငံ၏ ဈေးကွက်များကို အီးယူက အလိုရှိနေပြီး ဗြိတိန်နှင့် ဥရောပနိုင်ငံများအကြား တစ်နိုင်ငံချင်းအလိုက် ကုန်သွယ်ရေး သဘောတူစာချုပ်များ ချုပ်ဆိုကာ ဆောင်ရွက်သွားနိုင်သည်ဟု ခွဲရေးဝါဒီများက စောဒကတက်ကြပြန်သည်။

အီးယူမှ နုတ်ထွက်လျှင် ဥရောပ၏ ဘဏ္ဍာရေး အချက်အချာတည်ရာ မြို့တော် လန်ဒန်ရှိ ဘဏ်လုပ်ငန်းများ ရုပ်သိမ်းထွက်ခွာသွားကြမည် ဖြစ်ပေရာ လန်ဒန်၏ လွှမ်းမိုးမှုမှာ မှေးမှိန်သွားလိမ့်မည်ဟု တွဲရေးသမားများက ယူဆကြသည်။ တစ်ဖက်တွင်မူ လန်ဒန်သည် ကမ္ဘာ့စီးပွားရေး အခြေပြုရာ မြို့တော်အဖြစ်အခိုင်အမာ ရပ်တည်နိုင်ပြီးဖြစ်ခြင်းကြောင့် အီးယူမှ နုတ်ထွက်သည့်တိုင်အောင် လန်ဒန်၏ အခန်းကဏ္ဍမှာ ခိုင်မြဲနေဦးမည်သာ ဖြစ်သည်ဟု ယူဆမှုလည်း ရှိနေပြန်သည်။

ဥရောပသမဂ္ဂမှ ဗြိတိန် ထွက်ခွာသွားမည်ဆိုလျှင် နိုင်ငံ၏ ဥပဒေများအပေါ် ကြီးစွာသော ဂယက်ရိုက်ခတ်မှုရှိလာမည်ဟု ယူဆကြ၏။ အကြောင်းမူကား ဗြိတိန်၏ ဥပဒေများအနက် ၁၇ ရာခိုင်နှုန်းခန့်မှာ ဥရောပသမဂ္ဂတွင် အဖွဲ့ဝင်ဖြစ်ခြင်းဟူသော အကြောင်းခြင်းရာနှင့် တိုက်ရိုက် ဆက်နွှယ်နေခြင်းကြောင့်တည်း။

**ဂယက်နှင့် အနက်**

အသို့နည်း

အီးယူမှ ယူကေ နုတ်ထွက်မည်ဟူသော ပြည်သူ့အသံ မြည်ဟိန်းပေါ်ထွက်ခဲ့မှုနှင့်အတူ ဖြစ်ပေါ်လာနိုင်အံ့သော အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများက ကိုယ်ပိုင်အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများ ပြုလုပ်လာကြမည်ဟု ကျွန်ုပ် သတိမူမိသည်။

လတ်တလောမှာပင် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ရာထူးမှ နုတ်ထွက်တော့မည်ဟု ရုတ်ခြည်းကြေညာခဲ့ပြီး နိုင်ငံတကာ အစုရှယ်ယာဈေးကွက်များ၌ အစုရှယ်ယာဈေးများ ကျဆင်းမှု ရုတ်ရုတ်သဲသဲ ဖြစ်ပေါ်လာသည်။ လန်ဒန်ငွေကြေး ဈေးကွက်မှာလည်း သဲသဲလှုပ်သွားသည်။

ဤတွင်ရွှေ့ကား နိုင်ငံရေးအင်အားစုအချင်းချင်း ယှဉ်ပြိုင်ပွဲတွင် အားသာသူတို့ အနိုင်ရစမြဲဟူသော လောဂျစ်ကို ကျွန်ုပ် သတိရမိသည်။

(၄၃)နှစ်ကြာ အဖွဲ့ဝင် ဖြစ်ခဲ့ပြီးနောက် အီးယူမှ ဗြိတိန်နုတ်ထွက်ခြင်း၏ ဂယက်ရိုက်ခတ်မှုများမှာ ကာလတိုရော၊ ကာလရှည်ပါ တွေ့ကြုံခံစားကြရမည်ကား သေချာလှသည်။ အီးယူမှ ဗြိတိန်ပဲ့ထွက်မှုနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်ကို နှစ်နှစ်ထက်မနည်း ပြုလုပ်သွားရဦးမည်လည်း ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအနာဂတ်ဟူသည် တိတိပပ ကြိုတင်ဟောကိန်းထုတ်ရန် ခဲကတ်လှပေရာ ပစ္စုပ္ပန်တည့်တည့် မျက်မှောက်ဆောင်ရွက်ချက်များ တည့်မတ်မှန်ကန်မှသာ အနာဂတ်ကာလ၌ ရလဒ်ကောင်းများ ပေါ်ထွက်နိုင်ပေမည်။

မည်သည့် လူ့အသိုက်အဝန်းတွင်မဟူ မတူကွဲပြားသူများအချင်းချင်း သဟဇာတရှိရှိ၊ အညမညမိမိ ပေါင်းစည်းနိုင်ရေးအတွက် နိုင်ငံရေး စရွေးကိုက်ရန်နှင့် ကလေးအတွေးမျိုးမဟုတ်ဘဲ သတိသမ္ပဇဉ် ဉာဏ်ယှဉ်သည့် အတွေးအမြင်ဖြင့် ဝါယမစိုက် လုပ်ကိုင်ကြရန် လိုအပ်ပုံကို တွေးတောမိရင်း "ကလေးကလားတွေမဟုတ် စရွေးမများအောင်လုပ်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

ဥရောပနိုင်ငံများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုတို့အရ ဆက်သွယ် ပေါင်းကူးပေးထားသော ဥရောပသမဂ္ဂ(အီးယူ)မှခွဲထွက်ရန် ယူနိုက်တက်ကင်းဒမ်း (ယူကေ) (ခေါ်) ဂရိတ်ဗြိတိန်နိုင်ငံ၏ ပြည်သူများက ဇွန် ၂၃ရက်တွင် မဲပေးဆုံးဖြတ်လိုက်ကြရာ . . .

# သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း**

**( ၂၀၁၆ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**

**၁၃၇၈ခုနှစ်၊ လ ရက်**

**( ၂၀၁၆ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သက်ကြီးရွယ်အို** ဆိုသည်မှာ အသက်၆၀နှစ်နှင့်အထက်ရှိပြီး မြန်မာနိုင်ငံသား ဥပဒေအရ မြန်မာနိုင်ငံသားအားလုံးကိုဆိုသည်။

(ခ) **အိုမင်းမစွမ်းသူ**ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသောသက်ကြီးရွယ်အိုကိုဆိုသည်။

(ဂ) **စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွား** ဆိုသည်မှာ သားသမီးနှင့် မြေးများမရှိခြင်းကြောင့် ဖြစ်စေ၊ သားသမီးနှင့် မြေးများရှိသော်လည်း ၎င်းတို့က စွန့်ပစ်ထားခြင်း၊ လျစ်လျူရှုပြီး မထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့နိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ ဆင်းရဲချို့တဲ့သော သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အို မိဘဘိုးဘွားကို ဆိုသည်။ ယင်းစကားရပ်တွင် မိဘမဲ့ သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့်သွေးရင်း ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေးတို့လည်း ပါဝင်သည်။

(ဃ) **စရိတ်ထောက်ပံ့မှု** ဆိုရာတွင် သက်ကြီးရွယ်အို၏ လိုအပ်သော စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေး စောင့်ရှောက်မှုတို့အတွက် ထောက်ပံ့ဖြည့်ဆည်းပေးရသော စရိတ်တို့ ပါဝင်သည်။

(င) **မိဘ** ဆိုသည်မှာ မိရင်း၊ ဖရင်းနှင့် မွေးစားမိဘ တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် လင်ပါ၊ မယားပါ သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် မိထွေး၊ ပထွေးများလည်းပါဝင်သည်။

(စ) **သားသမီး** ဆိုသည်မှာ သားရင်း သမီးရင်းနှင့် မွေးစားသားနှင့် မွေးစားသမီး တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် မိထွေး၊ ပထွေးက ကြည့်ရှုစောင့်ရှောက်ခဲ့သည့် လင်ပါ၊ မယားပါ သားသမီးများလည်း ပါဝင်သည်။

(ဆ) **သက်ကြီးရွယ်အို သက်သေခံကတ်ပြား** ဆိုသည်မှာ ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန် ဤဥပဒေအရ သက်ကြီးရွယ်အိုအား သက်သေခံ အထောက်အထားအဖြစ် ထုတ်ပေးထားသောကတ်ပြားကို ဆိုသည်။

(ဇ) **မိသားစု စောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီးရွယ်အို မိဘဘိုးဘွားများအား ၎င်းတို့၏ မိသားစုဝင်များက ကြည့်ရှုစောင့်ရှောက်မှုကို ဆိုသည်။

(ဈ) **အိမ်အခြေပြု ရပ်ရွာအခြေပြုစောင့်ရှောက်မှု** ဆိုသည်မှာ သက်ကြီးရွယ်အိုများ အချင်းချင်းဖြစ်စေ၊ မိသားစုမှဖြစ်စေ၊ စေတနာ့ဝန်ထမ်း သို့မဟုတ် အခပေးဝန်ဆောင်မှုပေးသူများ အပါအဝင် မိသားစုဝင် မဟုတ်သော အခြားစောင့်ရှောက်သူများမှဖြစ်စေ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးခြင်း သို့မဟုတ် ရပ်ရွာပြည်သူလူထုအတွင်း စောင့်ရှောက်မှုပေးခြင်းကို ဆိုသည်။

(ည) **လူမှုရေးစောင့်ရှောက်မှု** ဆိုသည်မှာ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် လူမှုရေးနယ်ပယ်ရှိ အပြန်အလှန်ဆက်ဆံမှုတို့ကို ပိုမိုတိုးမြှင့်ရန်အလို့ငှာ တစ်ကိုယ်ရေစောင့်ရှောက်မှုအတွက် လိုအပ်သော အစားအသောက်၊ အသုံးအဆောင် ပစ္စည်းကိရိယာများနှင့် နေ့စဉ်လှုပ်ရှားမှုများအတွက် လိုအပ်ချက်များကို လူမှုရေးအထောက်အပံ့များနှင့်တကွ ဖြည့်ဆည်းစောင့်ရှောက်ပေးခြင်းကို ဆိုသည်။

(ဋ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရောဂါကြိုတင်ကာကွယ်ခြင်း၊ရောဂါရှာဖွေစစ်ဆေးခြင်း၊ ကုသခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ကို ဆိုသည်။

(ဌ) **ဘိုးဘွားရိပ်သာ** ဆိုသည်မှာ စီးပွားရေးအလို့ငှာဖြစ်စေ၊ စေတနာ့ဝန်ထမ်း ပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား နားခိုရာရိပ်သာ၊ စားသောက်နေထိုင်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ဂေဟာကို ဆိုသည်။

(ဍ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ ဘိုးဘွားရိပ်သာ တည်ထောင်ရန် ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဎ) **သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးအလို့ငှာ ဖြစ်စေ၊ စေတနာ့ဝန်ထမ်းပရဟိတဖြစ်စေ သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်သော လုပ်ငန်းကိုဆိုသည်။

(ဏ) **လုပ်ငန်းလုပ်ကိုင်ခွင့်** ဆိုသည်မှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(တ) **ရန်ပုံငွေ** ဆိုသည်မှာ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ထ) **မတရားပြုကျင့်ခြင်း(Abuse)** ဆိုရာတွင် သက်ကြီးရွယ်အိုအား အစားအသောက် သို့မဟုတ် ဆေးဝါးကို လုံလောက်စွာမပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းခြင်း သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် မလျော်မကန် ပြုလုပ်ခြင်း ပါဝင်သည်။

(ဒ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ သက်ကြီးရွယ်အိုအား ထိုက်သင့်အား လျော်စွာ တွေ့ဆုံမှုမပြုခြင်း၊ လိုအပ်သော အစားအသောက်များ လုံလောက်စွာ ဖြည့်ဆည်းမပေးခြင်း သို့မဟုတ် တသီးတခြားခွဲထားခြင်းဖြစ်သည်။

(ဓ) **မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အမျိုးသားအဆင့်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ဆိုသည်။

(န) **ဒေသဆိုင်ရာကော်မတီများ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီများကို ဆိုသည်။

(ပ) **ဝန်ကြီးဌာန** ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဖ) **လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းကိုသော်လည်းကောင်း၊ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်း သို့မဟုတ် အခြားသင့်လျော်သော နိုင်ငံသားကိုသော်လည်းကောင်း ဆိုသည်။

(ဗ) **ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ ဘိုးဘွားရိပ်သာကို ပိုင်ဆိုင်သူ၊ တည်ထောင်သူ သို့မဟုတ် တာဝန်ယူ၍ စီမံခန့်ခွဲသူကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသူတစ်ဦးဦးက လွှဲအပ်တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်လည်း ပါဝင်သည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ကြီးရွယ်အိုများကိုမြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ မြန်မာမှုဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်နိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုမြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ခ) နိုင်ငံတော်နှင့် စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများ ဆောင်ရွက်နေသောဝင်ငွေရလုပ်ငန်းများကို တိုက်တွန်းအားပေးခြင်းဖြင့်လည်းကောင်း သက်ကြီးရွယ်အိုများ၏ ဝင်ငွေလုံခြုံမှုကို ဆောင်ရွက်ပေးရန်၊

(ဂ) သက်ကြီးရွယ်အိုများသည် မိမိကိုယ်မိမိ စောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုများအား လုံလောက်စွာရရှိစေရန်၊

(ဃ) စောင့်ရှောက်မည့်သူမရှိသည့် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ဘိုးဘွားရိပ်သာများတွင် နားခိုစောင့်ရှောက်မှုပေးနိုင်ရန်၊

(င) အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့များကိုတိုးမြှင့်ဖွဲ့စည်းခြင်းဖြင့် လူမှုရေးနှင့်ရပ်ရေးရွာရေးများတွင် သက်ကြီးရွယ်အိုများ ပါဝင်ဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန်၊

(စ) အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် သက်ကြီးရွယ်အိုများ လွယ်ကူစွာရရှိနိုင်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရန်၊

(ဆ) လှုပ်ရှားသွားလာ နေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် ဈေးနှုန်းသက်သာ၍ လွယ်ကူစွာ အသုံးပြုနိုင်သောအထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်များနှင့် နောက်ဆက်တွဲကာလများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေးအထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေးစခန်းများ စီစဉ်ပံ့ပိုးရာတွင် သက်ကြီးရွယ်အိုများအတွက် အထူးအလေးထားဆောင်ရွက်ရန်၊

(ဈ) သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစိတ်ချရသောပတ်ဝန်းကျင် ရရှိနိုင်စေရန်၊

(ည) မြန်မာနိုင်ငံသားတိုင်း ရရှိနိုင်မည့်အခွင့်အရေးနှင့် ဤဥပဒေအရ ပြဋ္ဌာန်းထားသော အခွင့်အရေးအားလုံးကို သက်ကြီးရွယ်အိုများ ရရှိနိုင်စေရန်။

**အခန်း(၃)**

**မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ကာကွယ်ရေးနှင့် သက်ကြီးရွယ်အိုများအား ကြည့်ရှုစောင့်ရှောက်ရေးအတွက် လည်းကောင်း၊ မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်းများပြုနိုင်ရေးအတွက် သော်လည်းကောင်း အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၉) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၂) သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီများမှ သုံးဦးထက် မပိုသော ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၁၃) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် — အဖွဲ့ဝင်

(၁၄) ဥက္ကဋ္ဌ၊မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်

(၁၅) ပြည်တွင်းရှိ အစိုးရမဟုတ်သော သက်ကြီးရွယ်အိုဆိုင်ရာအဖွဲ့အစည်းများမှ ငါးဦးထက်မပိုသော သင့်လျော်သည့်ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၁၆) ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန — အတွင်းရေးမှူး

(၁၇) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ခ) လိုအပ်ပါက မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) သက်ကြီးရွယ်အိုများ၊ အထူးသဖြင့် အိုမင်းမစွမ်းသူများအား ထိရောက်စွာ ထောက်ပံ့ကူညီရေးနှင့် စောင့်ရှောက်ရေးတို့အတွက် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်း၊ စီမံချက်နှင့် အစီအစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများ၊ဆပ်ကော်မတီများနှင့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ **ဆက်လက်ဖော်ပြပါမည်။**

# ကြော်ငြာ


အင်္ဂလိပ်ဘာသာစကားကို နှစ်ဘက်ကျ ပြောလာလိုသောသူများအတွက်



GETC

မြေနီကုန်း 01-537895, 09-262963776
တာမွေ 01-549590, 09-254148006
မရမ်းကုန်း 01-663960, 09-259822220
အင်းစိန် 09-259822226/ 7

▲Communicative English ▲General English ▲FCE ▲IELTS

ထိတွေ့ရန်မလိုပဲ စက္ကန့်ပိုင်းအတွင်း အဝေးမှ အဖျားတိုင်းနိုင်သော
THERMOFOCUS® သာမိုမီတာ



အိပ်ပျော်နေတဲ့နတ်သမီးလေးကို အဖျားတိုင်းဖို့ မေမေနှိုးစရာမလိုတော့ဘူးနော် ...

လူကြီး၊ လူငယ်မရွေး

ဆက်သွယ်ရန်...
NANOVA Co.,Ltd.
အမှတ် ၃၃ (ဘီ)ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်။
09 977 300 300, 09 977 400 400

ISO 9001 ISO 13485

ဆေးဆိုင်၊ ဆေးခန်းများ၊ Super Market များတွင် ဝယ်ယူနိုင်ပါသည်။

SCRATCH & SURE WIN!

EVERYONE'S A WINNER!
ဗလာမပါ PHILIPS ပွဲတော်
27th June – 27th Sept 2016

၃၀,၀၀၀ ကျပ်ဖိုး ဝယ်ရင်း ဗလာမပါခြစ်ကတ်မဲ (၁)စောင် ရမည့်အခွင့်အရေး ...




HTOO CHAR AUNG KYAW COMPANY LIMITED
Hot Line : 09 977 225670, 01 510635

PHILIPS

facebook တွင်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားပါ

တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ပြီး တက္ကသိုလ်ဆက်တက်ရန် ငွေကြေးအခက်ခဲရှိသူများ ပညာသင်ထောက်ပံ့ကြေးရယူလိုပါက ရေနံ့သာခင်မောင်ထွေး ဖောင်ဒေးရှင်း facebook တွင်ဝင်ရောက်ကြည့်ရှု၍ လျှောက်ထားရယူနိုင်ပါသည်။

09- 781012341, 09- 781012342

EVER TOP Ph:09254903604, 098770096, 0973040610

| ဂျပန် | အင်္ဂလိပ် | ကိုရီးယား |
|---|---|---|
| N5,N4,N3,N2,N1 | (Top English) Saya William<br>4-Skills(General)<br>Phonetics<br>Grammar+Writing | EPS TOPIK / 4-Skills |

တရုတ်

Sayar.Yang

ENGLISH Conversation Practice

Great Wall
TAMWE - 540714, 09 5183636
09 49 285182

Don't Worry,Just Speak!
NELC

* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်
Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

Enroll Now!



စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

Apex Asia Multi - Specialty & Diagnostic Center

ကာကွယ်ကုသကိုယ်စိတ်ကျန်းမာ ယုံကြည်အားထားရာ
Apex Asia Medical Center

စမ်းသပ်ချိန် ဆွေးနွေးတိုင်ပင်ချိန် လုံလောက်စွာ ရရှိနိုင်သည့်
နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါရှာဖွေကုသရေးစင်တာ



General X-ray (Digital)
Color Doppler Ultrasound
ECG
24 hours Holter Monitoring
Point of Care Lab Tests

အသက်အရွယ်၊ ကျား/မ အလိုက် ဖြစ်ပွားနိုင်ခြေရှိသော ရောဂါအကြောင်းရင်းခံများပေါ်မူတည်၍ စစ်ဆေးသင့်သော ကျန်းမာရေးစစ်ဆေးမှု (Health Check up) များပြုလုပ်နိုင်ပါသည်။

- အထွေထွေရောဂါအထူးကုသခြင်း
- အသည်းရောင်နှင့် အသည်းရောဂါများအထူးကုသခြင်း
- ဆီးချိုရောဂါအထူးကုသခြင်း
- ဆီးနှင့်ကျောက်ကပ်
- မီးယပ်သားဖွား
- အထွေထွေခွဲစိတ်
- အရိုးအဆစ်နှင့်အကြော
- စိတ်ကျန်းမာရေး
- ကလေးရောဂါများ
- အာဟာရဆိုင်ရာကျန်းမာရေးတို့ကို အထူးကုသပေးခြင်း

"အဆုတ်နှင့်ရင်ခေါင်းပိုင်းဆိုင်ရာ အထူးကုသမားတော်ကြီး၊ အထွေထွေရောဂါအထူးကုသမားတော်ကြီးများနှင့် စဉ်ဆက်မပြတ်တိုင်ပင်ကုသမှု ခံယူနိုင်ပါသည်။"

လေဖြတ်ပြီးလူနာနှင့် အထွေထွေပြန်လည်သန်စွမ်းရေး လေ့ကျင့်ခန်းကုထုံးအစီအစဉ်

- လေဖြတ်ပြီးစလူနာများအား အတွေ့အကြုံရှိသော ဆရာဝန်၊ သူနာပြု၊ လေ့ကျင့်ခန်းကုထုံးပညာရှင် စသည်တို့မှ ကဏ္ဍအလိုက်ပူးပေါင်း၍ ပြီးပြည့်စုံသော လေ့ကျင့်ခန်းကုထုံးများဖြင့် စဉ်ဆက်မပြတ်ကုသပေးခြင်း၊ အချိန်တိုအတွင်း ဟန်ချက်ညီသော ခြေလှမ်းမှန်များပြန်ရရှိစေရန် နောက်ဆုံးပေါ် USA နိုင်ငံထုတ် (Biodex New Gait Trainer 3) ဖြင့် လေ့ကျင့်ကုသပေးခြင်း
- အရိုးကျိုး၊ ပေါင်၊ ဒူးဆစ်အစားထိုးနှင့် ခါးနာ၊ လည်ပင်းကျီးပေါင်းနာ၊ အဆစ်အမြစ်နာရောဂါများအတွက် လေ့ကျင့်ခန်းကုထုံးများဖြင့် ကုသပေးခြင်း

"မြန်မြန်စ၊ စောစော ပြည့်ပြည့်စုံစုံကုသပါ။ "Rehabilitation" အလွန်အကျိုးရှိပါသည်။"

No 33/2, Pyay Road, Yadanar Lane, 7 Mile, Mayangone Township, Yangon.
Tel : 01 662 801, 01 662 467, 09 73227 555 | 24 Hour Answering Line : 09 73227 666


တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ ဒေလီယာလမ်း၊ အမှတ်(၂၇၁)နေ ဦးသန်းဖေ၏သမီးဖြစ်သူ မတင်ယုမော်နှင့် မတင်ယုမွန်[၆/ထဝန (နိုင်)၁၀၉၈၃၁]တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သင်းကွန်းရွာနေ မဝေဝေလွင်၏ဖခင်ဦးကြည်ထွေးနှင့် ဦးကြည်ငွေး[၆/သရခ(နိုင်)၀၀၉၅၆၄] တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

(၁) အထက ဝါးနက်ချောင်း မောင်ရှိုင်းဘိုအောင် (၁၀)တန်း
(၂) အထက ဝါးနက်ချောင်း မောင်သူရဘိုအောင် (၁၀)တန်းအောင်
(၃) အထက ဝါးနက်ချောင်း(၈)တန်း B မှ မလင်းဇာခြည်ဘို
(၄) အမကလွန် ရေတာရှည် (၂)တန်းမှ မောင်ချစ်ဇွဲဟိန်းတို့၏ဖခင် ရေတာရှည်ကျေးရွာ၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်မှ ဦးဘိုဘိုနှင့် ဦးဝင်းဇော်အေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။


BIG ICON Mobile Training Centre

# STRATEGY FIRST INSTITUTE

တိုးတက်လာမယ့် အနာဂတ်အတွက် သင် အဆင်သင့် ဖြစ်ပြီလား?

တက္ကသိုလ်ဘွဲ့ရပြီးသူများ၊ စီးပွားရေးစီမံခန့်ခွဲမှု သဘောတရားများကို ဘာသာရပ်စုံလင်စွာ လေ့လာလိုသူများ၊ လုပ်ငန်းခွင်မှ လူငယ်များအတွက်

abe Accredited Centre

## Diploma in Business Management

**( QCF level 6 - Graduate Level Diploma from the Association of Business Executives, UK )**



1. Corporate Strategy and Planning
   U Aung Chit Khin, MBA (Nottingham), Dip M, PG Dip M (CIM, UK) | Monday – 6:00 to 8:30 pm | Starting Date - 27 June 2016
2. Managing in Organisations
   Dr. Daw Ohnmar Myint, Ph.D (HRM, Delhi). M. Com, B. Com (Hons) | Thursday – 6:00 to 8:30 pm | Starting Date - 23 June 2016
3. International Business Case Study
   Prof. Dr. Daw Hla Myint, D.Litt (YUE), M. Com, B. Com (Hons) | Saturday – 3:00 to 5:00 pm | Starting Date - 25 June 2016
4. Project Management
   Daw Aye Aye Win, M.A (International Business, Sophia), M. Com, B. Com (Hons) | Sunday – 6:00 to 8:30 pm | Starting Date - 26 June 2016
5. Strategic Marketing Management
   Dr. U Sein Min, Ph.D (Marketing, Passau), M. Com, B. Com (Hons) | Friday – 6:00 to 8:30 pm | Starting Date - 17 June 2016

- Strategy First တွင် Project Management, Strategic Management, Strategic Marketing Management အတန်းများကို တက်ရောက်ထားသူများသည် သက်ဆိုင်ရင်ဘာသာရပ်များနှင့် abe Exam Preparation အတန်းများကို အခမဲ့တက်ရောက်နိုင်သည်။ သင်တန်းကြေးလည်း သက်သာခွင့်ရရှိပါမည်။
- Project Management ၊ Business Management and Administration ၊ Strategic Marketing Management နှင့် Corporate Strategy and Planning ဘာသာရပ်တက်ရောက်သူများသည် ICM မှ Single Subject Diploma ကိုလည်း ဖြေဆိုရယူနိုင်သည်။
- Level 6 Diploma အောင်မြင်သောအခါ abe မှ ကျင်းပသော ဒီပလိုမာပေးအပ်ပွဲ Graduation Ceremony ကို ရန်ကုန်မြို့တွင် တက်ရောက်နိုင်ပါမည်။
- abe Level 6 Diploma ပြီးစီးထားပါက Edinburgh Business School, Heriot-Watt University MBA တက်ရောက်သည့်အခါ အများဆုံး (၂) ဘာသာ exemption လျှောက်ထားနိုင်သည့်အတွက် ကျောင်းစရိတ် သိန်း (၃၀)ခန့် သက်သာနိုင်ပါသည်။

AYA Credit Card ဖြင့် ပေးချေပါက ၁၀% သက်သာမည်ဖြစ်ပါသည်။
AYA Credit Card သည် ရက် ၅၀ အတိုးမဲ့ဖြစ်ပြီး၊ ရက် ၅၀ ကျော်ပါက လစဉ် အတိုး ၁.၀၈% ကျသင့်ပြီး Discount ၁၀% ပါရှိသည့်အတွက် အထူးအဆင်ပြေစွာ ပေးချေနိုင်သော စနစ်ဖြစ်ပါသည်။

## June Intake တန်းခွဲသစ်များစတင်ပြီ။

abe သင်တန်းကြေး - 1,500,000 kyats
abe သင်တန်းကြေး + BMA တစ်ဘာသာ သင်တန်းကြေး - 1,800,000 kyats
abe Registration Fees: 45 USD per year
abe Exam Fees - 60 USD per subject

ဘွဲ့ရထားသူများ တက်ရောက်နိုင်သည်၊ စီးပွားရေးသင်တန်းများမတက်ရောက်ဖူးပါက Business Mgt & Administraton သင်တန်းကိုပူးတွဲတက်ရောက်ရပါမည်၊
သင်တန်းကာလ ၆ လ (သို့) ၁ နှစ် အဆင်ပြေသလိုတက်ရောက်နိုင်ပါသည်၊
ကျောင်းသားဟောင်းများအတွက်အထူး Discount ရှိပါသည်၊

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart)
San Chaung Township, Yangon, Myanmar

**Call now: (09) 250 7171 66 ~ 68**

ကြော်ငြာ


**BANGKOK** DONG MUEANG
Thai Lion Air
ဝ – 22 JULY 2016
FLYING WITH US
အသွားအပြန် 61 USD မှစတင်၍
လေယာဉ်ပျံလက်မှတ် ကိုလံဘတ်(စ်)
Columbus TRAVELS & TOURS
T: 01-229245, 2316245 (Head Office)
T: 01-378535, 250215 (BAK Branch)
T: 02-60956, 09-91027135 (MDY Branch)

ကိုညာဏ် KO NYAN
Car Rental & Travel Service
09-5078440,01-551649,01-209183

50% Discount
July 1,8,15
373275, 708342, 0949219404

SEVEN ၀
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
ဆဲဗင်းဝ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

Win Luck Trading Co., Ltd
Win Luck CCTV Sales and Services
လုံခြုံရေးပစ္စည်းများနှင့်ပက်သက်လျှင် Win Luck ကို သတိရပါ။
HIKVISION Gold Partner
Win Tech

မင်္ဂလာပါ
09-450042704
09-250095116
09-420096296


# ပရဟိတ ကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ ကျောင်းသူကလေးပေါင်း (၃၁၅)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၆)နှစ်တာ ခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသည်များ လိုအပ်ခြင်း၊ ကျောင်းသူ မိန်းကလေးအိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၉-၇၉၆၆၂၅၇၀၀
ရွှေဂုံတိုင်ကမ္ဘောဇဘဏ်အကောင့်နံပါတ်
ဦးဇဋိလ(A/C No.007-301-00700708002)
CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့် ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

မှတ်ချက် - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။
ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် တစ်မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။


FAME **Mangosteen** Natural antibiotics
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013084 (0118)
မင်းကွတ်သီးဆေး

FAME **Chamomile** Apigenin 50 mg
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013104 (0118)
ချမိုမိုင်းဆေး

**ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်**
(၈)မိုင်၊ တော်ဝင်သီရိကွန်ဒို၊ ၉လွှာ၊ တိုက်(D) ထောင့်ခန်း၊ 1850Sqft 2MBR, 1BR, AC(4)လုံး ပြင်ဆင်ပြီး၊ အသင့်နေရုံ။
ရောင်းဈေး သိန်း 2990
Ph:09-799499166
09-788830751

**ငှားရန်**
သုဝဏ္ဏ VIP(1)၊ သစ်ယာပင်လမ်းသွယ်(၂)ပေ(၂၀×၄၀) (၂)ထပ်၊ နံကပ်၊ (၅)သိန်းခွဲ
ဖုန်း-၀၉-၅၁၂၇၉၇၀

**မြေညီတိုက်ခန်းရောင်းမည်**
ဒေါနလမ်း၊ ရေကျော်၊ ပုဇွန်တောင်၊ (15' x 55')
ပြင်ဆင်ပြီး၊ အသင့်နေ၊ ပါဝါမီတာ
PH: 09-785116243

M.E.S Affiliated Centre
**CHINDWIN COLLEGE**
helping you engineer your future
PEARSON

## CHINDWIN ENGINEERING SCHOOL



- 2016 July Intake အတွက် Foundation နဲ့ BTEC Higher National Diploma တန်းများကျောင်းအပ်လက်ခံပြီ။
- ၁၀ တန်းအောင်ပြီးသူများ၊ ပထမနှစ်တက်နေသူများ၊ Foundation တန်း တက်ရောက်နိုင်သည်။
- Foundation ပြီးသူများ၊ ဒုတိယနှစ် တက်နေသူများ၊ AGTI ပြီးသူများ၊ City & Guilds Level 3 (သက်ဆိုင်ရာဘာသာရပ်ဖြင့်)ပြီးသူများ BTEC Higher National Diploma လ ၂၀ သင်တန်း တက်ရောက်နိုင်သည်။
- Mechanical Engineering, Electrical and Electronic Engineering, Civil Engineering ၃မျိုး ရွေးချယ်ခွင့်ရှိသည်။
- BTEC HND ပြီးလျှင် UK University of Sunderland, University of Hertfordshire, Sheffield Halam University, Coventry University တက္ကသိုလ်များတွင်ဖြစ်စေ၊ Chindwin TU International College တွင်ဖြစ်စေ နောက်ဆုံးနှစ်တက်ရောက်နိုင်သည်။

Yangon No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. Phone +951 297 673, 298 137
Mandalay Corner of (77×78) St & (31×32)St, Sebai Building, Greatwall Condo Complex Phone +952 721 79, 741 79
Taunggyi No 57/16, Myat Yadanar Street, Yae Aye Kwin Quarter Phone +959 784 038 995, 784 038 996
www.facebook.com/chindwincollege

**Fame Mega Fashion Design & Tailoring Training Centre**

အခြေခံစက်ချုပ် နှင့် ဒီဇိုင်းသင်တန်း၊ အမှတ်စဉ်(၁၂)အား ဇူလိုင်လ(၅)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ(၃.၇.၂၀၁၆)နောက်ဆုံးထားစာရင်းသွင်း အပ်နှံနိုင်ပါသည်။ ဘာသာစုံ(၂)လ၊ သင်တန်းကြေး ၈၀၀၀၀ိ/ – (သင်ထောက်ကူပစ္စည်းပါ)

မှတ်ချက် – လူဦးရေ ကန့်သတ်ထားပါသည်။ ★ **တစ်ဦးချင်းသီးသန့် တန်းခွဲများရှိသည်** ★ ဖုန်း – ၀၉ ၂၅၄၁၅၆၇၃၁၊ ၀၉ ၂၅၀၆၃၉၉၆ရ လိပ်စာ – တိုက်(၁၄၀)၊ ၄၈ – လမ်း(အပေါ်ဘလောက်) ဗိုလ်တထောင်မြို့နယ်။

မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ခေါင်းလိမ်းဆီ

# ဂုဏ်မြင့်သူ

## ဆံပင်သန်၊ ဆံပင်ပေါက်ဆေး

- ဆံပင်ပျော့ပျောင်း၍ မောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916) ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၆၂၃) ၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၈၁/၀၃၁၆

ဖြန့်ချိရေး
**ခိုင်ပွင့်**
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၃၀

**Your Best Document Solution Provider**

PRIME-BOSS

Rental & Leasing Available

A4 Color MFP
MX-C300F
Std : Fax/ Network Print/ Color Scan/ PS3

Digital Full Color MFP System
MX-2614N
- Color LCD Touchpanel
- Std: Color Copy/ Network Print/ Network Color Scan
- USB Memory Print/Scan to USB

Special Gift
40" LED TV

Digital MFP System
AR-6020
Std : Copy/ Print/ Color Scan

Special Price
850,000 KS

* All Photos Shown with Option

**Prime - Boss Company Limited**
Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon. Tel : 01 256644, 256508 Fax -01 256158
Naypyitaw - Tel: 067-421393 Mandalay - Tel: 09-91023841 Email: sales@primeboss.com.mm
Since 1996



YOMA STRATEGIC HOLDINGS LTD.

CPCL

NEW HOLLAND AGRICULTURE

""လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ နယူးဟော်လန်ထွန်စက်များကို သုံးကြစို့""

နယူးဟော်လန်လယ်ထွန်စက်များ၏ကြံ့ခိုင်မှုအတွက် အောက်ပါအစီအစဉ်အတိုင်း လယ်ကွင်းထဲအရောက် အခမဲ့လာရောက် စစ်ဆေးပေးမည်ဖြစ်ပါသဖြင့်ပြုပြင်ရေးဌာနသို့ ဆက်သွယ်ကြပါရန် လေးစားစွာအသိပေးအပ်ပါသည်။

( ၆.၆.၂၀၁၆ ) မှ ( ၃၀.၆.၂၀၁၆ ) အထိ ပဲခူးတိုင်းဒေသကြီး ၊ မကွေးတိုင်းဒေသကြီး ( မကွေးမြို့ ) ၊

ဧရာဝတီတိုင်းဒေသကြီး ၊ နေပြည်တော် ၊ ရှမ်းပြည်နယ်( တောင်ပိုင်း / တောင်ကြီးမြို့ ) ၊ စစ်ကိုင်းတိုင်းဒေသကြီး ၊

( ၁.၇.၂၀၁၆ ) မှ ( ၁၅.၇.၂၀၁၆ ) အထိ ကယားပြည်နယ် ၊ ရှမ်းပြည်နယ် ( မြောက်ပိုင်း / နောင်ချိုမြို့ ) ၊

( ၁.၇. ၂၀၁၆ ) မှ ( ၃၀.၇.၂၀၁၆ ) အထိ ရန်ကုန်တိုင်းဒေသကြီး ၊ မကွေးတိုင်းဒေသကြီး ( ပခုက္ကူမြို့ ) ။

အစိတ်အပိုင်း (၂) လအတွင်း ဝယ်ယူပါက ၂ % Discount



အကောင်းဆုံး အရည်အသွေးဆိုတာကို သက်သေပြချင်လို့ အခုပဲသုံးကြည့်လိုက်ပါ



ပြုပြင်ရေးဌာန သို့ ဆက်သွယ်စာရင်းပေးရန်

ရန်ကုန်-ပဲခူး-မကွေး-ကယား
တောင်ကြီး-စစ်ကိုင်း-ပခုက္ကူ-နောင်ချို
ဧရာဝတီတိုင်း
နေပြည်တော်

ရုံးခွဲများ - ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ တောင်ကြီး၊ နောင်ချို၊ မော်လမြိုင်၊ မကွေး၊ ပခုက္ကူ၊ ပြည်၊ ထားဝယ်။

ဖုန်း-(၀၁) ၆၈၇ ၀၀၂၊ ၆၈၇ ၀၀၃၊ ၆၈၇ ၈၈၁၊ (၀၉) ၇၃၀၇ ၈၈၃၀၊ ၂၅၀ ၁၇၀ ၀၈၂၊ (၀၂) ၅၁၅၃ ၂၃၀၊ (၀၆၇) ၂၅၃၄၆၊ (၀၄၂) ၂၃၁၆၄

Home
Since 1996
Think of house. Think of home



မိုးရာသီ အထူး
Special Promotion
ပါကေးအစားထိုး ကြမ်းခင်း
GET 1 Box !
3 ကျင်း ဝယ်လျှင်
လက်ဆောင်
** Selected items only

ကျွန်းနှင့်သော အစားထိုး 100 % ရေစိမ်ခံ
အခန်းဖွဲ့နှင့် မျက်နှာကျက်ပြား
2 ကျင်း ဝယ်
GET 1 Free
အိမ်တွင်း အလှဆင်ပန်းပင်
လက်ဆောင် ၂၀ ခု အထိသာ
** Selected items only

Branch Showroom > အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

ကမာရွတ်၊ အင်းစိန်လမ်းမ၊
လှည်းတန်းနှင့်စံရိပ်ငြိမ်ကြား၊
ပေ(၁၆×၅၇)၊
မြေညီတိုက်ခန်းငှားမည်
ဖုန်း-၀၉-၇၃၂၂၀၆၃၅၊
၀၉-၇၉၁၀၀၇၅၃၄

ခရုံမြို့သစ်
အငှားပိုင်း
အိပ်တန်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

STRONG STEEL STRUCTURE
STRONG COMPANY LIMITED
SINCE 1998
RAISE YOUR LIVING STANDARD WITH STRONG STEEL ROOFING PRODUCTS

1st in Myanmar
370 PU WALLING SHEET



50mm & 35mm Arch Height with Poly Urethane (PU) Sandwich Panel Alu-Zinc Color Roofing Sheet
Five Angles with PU
European Design with PU
Crown Design with PU

ကာလ အလှုရှင်အပူခံ အမိုး၊ အကာ၊ မျက်နှာကျက် သွပ်ပြား၏အားသာချက်များ
- Insulation PU ၏အကောင်းဆုံး အာနိသင်မှာ ပြင်းထန်သော အပူချိန်ကို လျော့နည်းသွားအောင် ထိန်းသူပေးနိုင်စွမ်း (Heat Resistance) မြင့်မားခြင်း
- အသံလုံ (Sound Proof) အာနိသင် ထိရောက်ကောင်းမွန်ခြင်း
- သိပ်သည်းမှု (Density) မြင့်မားခြင်း
- တပ်ဆင်ရန် လွယ်ကူပေါ့ပါး လျင်မြန်ခြင်း
- တောင့်တင်းခိုင်မာခြင်း၊ ရေရှည် ခိုင်ခံ့လှပ တင့်တယ်ခြင်း

STRONG MANUFACTURING CO., LTD.
**Head Office & Factory** - No. 83/84, Pyin Si Min Thar Gyi St., Hlaing Thar Yar Industrial Zone (4), Hlaing Thar Yar Tsp, Yangon.
☎: 01-685160, 685161, 685323, 09-422 540 156, 09-421 108 773
**Showroom & Sale Center**
**(1) Yangon** (Saw Bwar Gyi Gone) - ☎ : 01-644266, 642783
**(2) Mandalay** - ☎ : 02-23506, 09 91 051333, 09 421164606
**(3) Taunggyi** - ☎ : 09 50 46551
E-mail : strongsteel@myanmar.com.mm
Website : http://www.strongsteelproduct.com
Hotline: 01-685720, 685721


MAB
Banking
For All Individual & Corporate Users
To make your
BANKING
Better
www.mabbank.com
95 (1) 398811~19,95 (1) 9010677
infoibanking@mabbank.com
မြန်မာ့ရှေ့ဆောင်ဘဏ်

နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး




nurture preschool

Pre-school

အသက် ၂ နှစ်မှ ၆ နှစ် အရွယ်ကလေးငယ်များ လာရောက်ကျောင်းအပ်လက်ခံနေပါပြီ

Emotional Development(EQ) | Intellectual Development(IQ) | Moral Development | Physical Development | Social Development

စမ်းချောင်း 09262963774, 09262963775
လှိုင် 01-530097, 09254148005
တာမွေ 01-549590, 09254148006
အင်းစိန် 09259822226, 09259822227
မရမ်းကုန်း 01-663960, 09259822220

သိန်းသန်းဆက်
အိမ်ပြောင်း/ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားနှင့်လုပ်သားအပါ
Ph: 09-440390558
09-784109116

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ၊
09-43117680, 09-5059821

အာရှနဂါး
Asia Dragon
Ph: 01 707062, 09 799100100
01 703790, 09 797100100

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်နိုင်
English Speaking ( အင်္ဂလိပ် စကားပြော )
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
ဒေါ်စန္ဒာအောင်နိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
၂၅၂ ပန်းဆိုးတန်း 01 252 919, 09 4550 17955
ပညာနန်းတော်၊ သံသုမာလမ်း 09 798 443320

STAR RESOURCES ACADEMY
EST. 2005

ယုံကြည်မှုအပြည့်အဝဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် မိမိနှစ်သက်ရာ အနီးစပ်ဆုံး လစဉ် တန်းခွဲများတွင် တက်ရောက်နိုင်ပါပြီ။



- MBA
- MBA in Hospitality Managment
- Dip. in Tourism & Hospitality Management
- Diip. in Sales & Marketing Managment
- Dip. in Human Resources Managment
- Flight Attendant Course
- Front Office Operation & Opera PMS Course
- F&B Service Course
- Hotel Accomodation Course
- International Culinary Course
- International Bakery Course
- Coffee and Cocktail Mixing Course

10% Off
Enroll in June

Ph: 01 523 200, 523 623
No. 267, R-202, Pyay Road,
Infront of Dagon Centre II, Sanchaung Tsp, Yangon.

ဂုဏ်ရည်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ဂုဏ်ရည်ဆေးတိုက်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ကြော်ငြာ


**EMERALD MYANMAR** Travels & Tours
မြစိမ်းမြန်မာ

VIP ဗုဒ္ဓဂယာ ခရီးစဉ်
မြန်မာဘုန်းကြီးကျောင်း | ၆၅ သိန်း ကျပ် | ၁၀ ည / ၁၁ ရက်
Hotel Package | ၁၁၅ သိန်း ကျပ် | ၇ ည / ၈ ရက်

JULY နိုင်ငံခြားသွားခရီးစဉ်များ

| | | | |
|---|---|---|---|
| BKK-Pattaya | 3N/4D | July 16-19 | 490 USD |
| Bali | 3N/4D | July 16-19 | 775 USD |
| Singapore | 3N/4D | July 16-19 | 700 USD |
| Korea | 8N/9D | July 15-23 | 1940 USD |
| Japan | 7N/8D | July 15-22 | 2950 USD |

Free & Easy VIP နိုင်ငံခြားသွားခရီးစဉ်များ

| | | |
|---|---|---|
| Bali | 3N/4D | 255 USD |
| Maldives | 3N/4D | 539 USD |
| Vietnam | 3N/4D | 269 USD |
| Singapore | 3N/4D | 430 USD |
| Phuket | 3N/4D | 542 USD |
| Pattaya | 3N/4D | 339 USD |

YGN Office Ph: 09-977821911, 09-977821912 NPT Office Ph: 09-975679511, 09-975679544



# ဂယာရွှေတိုး
GS ဗုဒ္ဓဂယာ - သီရိလင်္ကာဘုရားဖူးအဖွဲ့

**သီရိလင်္ကာ (ဗုဒ္ဓမြတ်စွယ်တော်လှည့်ပွဲ)**
(၁၆-၀၈-၂၀၁၆) မှ (၂၁-၀၈-၂၀၁၆) ထိ
(၅) ညအိပ် (၆) ရက်ခရီးစဉ် ဟိုတယ် (အိပ် + စား) စရိတ်ငြိမ်း
ဒေါ် ဝင်းဝင်း ကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးပါမည်။
ရန်ကုန်ရုံးချုပ် - ၀၁ ၂၂၁၅၈၆၊ ၀၉ ၇၈၃၇၇၇၁၇၀၊ ၀၉ ၇၉၅၆၁ ၂၈ ၂၅
မန္တလေးရုံးခွဲ - ၀၉ ၆၀ ၂၅၈ ၂၀၄၈၊ ၀၉ ၃၃ ၂၇၄၇၄၇



အင်္ဂလိပ်စကားပြောသင်တန်းကျောင်း
# Researchers
အခြေခံသဒ္ဒါနှင့်စကားပြောသင်တန်း

| Opening Date | Class | Time | Duration |
|---|---|---|---|
| 1.7.2016 | Evening Fri, Sat, Sun | 6:00 to 8:00 Pm | 6 months |
| 2.7.2016 | Morning Sat, Sun | 8:30 to 11:30 Am | |

အမှတ်(၅၆)၊ ၅-လွှာ၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ(သီတာမှတ်တိုင်)
ဖုန်း-၀၉ ၂၅၀၁၆ ၂၀၃၈၊၀၁-၂၀၉၃၈ ၂၀၉-၅၆၈၀ ၂၃၇



**ROBINSON Business School**
VICTORIA UNIVERSITY

**မြန်မာကျပ်သိန်း(၆၀၀၀)တန်ဖိုးရှိပညာတော်သင်ဆုများ**

**Robinson Business School Special Myanmar Matriculation Scholarships which are worth US$500,000 (6,000 Lakhs)**

| DUAL Bachelors BBA-BIM Program (3-Year) Outstanding students who obtained: | | Fee Support | Number |
|---|---|---|---|
| 6 Distinctions | 100% | US$25,000 | 4 |
| 5 Distinctions | 75% | US$18,750 | 4 |
| 4 Distinctions | 50% | US$12,500 | 4 |
| 3 Distinctions | 25% | US$6,250 | 10 |
| 2 Distinctions | 10% | US$2,500 | 20 |

| DUAL Bachelors BBA-BIM Program (Top-up) Outstanding students who obtained: | | Fee Support | Number |
|---|---|---|---|
| 6 Distinctions | 100% | US$10,000 | 5 |
| 5 Distinctions | 75% | US$7,500 | 5 |
| 4 Distinctions | 50% | US$5,000 | 5 |
| 3 Distinctions | 25% | US$2,500 | 10 |
| 2 Distinctions | 10% | US$1,000 | 25 |

Students who wish to apply for the RBS Myanmar Scholarship, please contact us at : www.facebook.com/RobinsonBusinessSchool
enquiry@rbsmm.com (or) 09-431-96211 / 09-420-053536

09 43196211/09 420053536(YGN)
09 4544 33711(NPT)
enquiry@rbsmm.com
Robinson Business School
www.rbsmm.com

Yangon Campus
206-E, Level-2
La Pyayt Wun Plaza
Alan Pya Pagoda Road
Dagon Tsp, YANGON

Nay Pyi Taw Campus
No. 59, Thanphy Street
Tha Pyay Gone Quarter
Zabu Thiri Township
Nay Pyi Taw



GLOBAL PHOENIX REAL ESTATE

ပြင်ဆင်ပြီး ကွန်ဒိုအခန်း၊ လုံးချင်းအိမ်များကို ငှားရမ်းလိုသော နိုင်ငံခြားသားဧည့်သည်များ ရှိနေပါသည်။ Global Phoenix သို့ ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။

09 - 260 2600 29 / 59

No. 153, 1st Fl, Anawrahta Road, Corner of 47th St, Botahtaung Tsp.
globalphoenix.realestate@gmail.com



အဝတ်လျှော်စက်ရုံရောင်းရန်

လက်ရှိလည်ပတ် အသုံးပြုနေသော စက်ရုံသုံး အဝတ်လျှော်စက်ပစ္စည်း အစုံလိုက် ရောင်းရန်။ (ဟိုတယ်လုပ်ငန်းသုံး အကြီးစား အဝတ်လျှော်စက်လုပ်ငန်း)
Ph:09 965132161, 09 782938161



နိုင်ငံ့လုံခြုံရေး၊ စီးပွားရေးနှင့် လူ့အရည်အသွေးမြှင့်တင်ရေး ကျန်းမာရေး၊ စာပေရေးနှင့် ဓေသအနှံ့စရီးသွားဆောင်းပါး (၅၂)ပုဒ်ပါရှိသည် -

ဖတ်ကြည့်မှ **ပြည်သူနှင့်အတူ - ၂ တက္ကသိုလ်မင်းသူ** တန်ဖိုးသိမည်

စာအုပ်မိတ်ဆက်ပွဲကို ၂၈-၆-၂၀၁၆ (အင်္ဂါနေ့)တွင် ဗိုလ်အောင်ကျော်လမ်း (အောက်လမ်း) ရှိ Home ခန်းမ၌ မွန်းလွဲ (၁း၀၀)နာရီတွင် ပြုလုပ်ပါမည်။ မည်သူမဆို တက်ရောက်နိုင်ပါသည်။

စာအုပ်ရောင်းဈေး ၅၀၀၀ိ/- ကို ထိုနေ့တွင် အထူးနှုန်း ၃၀၀၀ိ/- နှင့် ရောင်းချ၍ စာရေးသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပါမည်။



# မဟာဒေဝီတစ်ပါး၏ ရှာပုံတော်
TWILIGHT OVER BURMA by INGE SARGENT

မောင်သန်းဆွေ(ထားဝယ်)

- သူရဦးတင်ဦးကိုယ်တိုင်စိတ်ဝင်စား ကြည့်ရှုလိုတဲ့ Twilight Over Burma ဇာတ်ကား
- မြန်မာစစ်တပ်ကို ထိခိုက်စေတယ်ဆိုပြီး လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်မှာ မပြလိုက်ရတဲ့ဇာတ်ကား
- ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီးနောက် ဖမ်းဆီးခံခဲ့ရတဲ့ သီပေါစော်ဘွား စဝ်ကြာဆိုင်
- အဖမ်းခံရပြီးနောက် ပျောက်ခြင်းမလှပျောက်သွားခဲ့တဲ့ စဝ်ကြာဆိုင်ရဲ့ကြေကွဲဖွယ်ဖြစ်ရပ်ကို မမေ့နိုင်တဲ့ မဟာဒေဝီ




ဒုတိယအကြိမ် ပြန်လည်ပြင်ဆင်မွမ်းမံပြီး **ထွက်ပါပြီ**

ဖြန့်ချိရေး - အရှေ့နေခြည်စာပေ Tel: (01)388763



PEARSON
**CHINDWIN COLLEGE**
*helping you engineer your future*



## CHINDWIN BUSINESS SCHOOL

- 2016 July Intake အတွက် Foundation နှင့် BTEC Higher National Diploma တန်းများကျောင်းအပ်လက်ခံပြီ။
- ၁၀ တန်းအောင်ပြီးသူများ၊ တက္ကသိုလ် ပထမနှစ်တက်နေသူများ၊ Foundation တန်း တက်ရောက်နိုင်သည်။ Foundation ပြီးလျှင် Management, Accounting, Hospitality ၃ မျိုးရွေးချယ်ခွင့်ရှိသည်။
- Foundation ပြီးသူများ၊ တက္ကသိုလ် ဒုတိယနှစ် တက်နေသူများ၊ LCCI Level 3 ပြီးသူများ၊ ABE Advanced Diploma ပြီးသူများ BTEC Higher National Diploma လ ၂၀ သင်တန်း တက်ရောက်နိုင်သည်။
- BTEC HND ပြီးလျှင် UK University of Sunderland, University of Hertfordshire, Sheffield Halam University, Coventry University တက္ကသိုလ်များတွင်ဖြစ်စေ၊ Chindwin TU International College တွင်ဖြစ်စေ နောက်ဆုံးနှစ်တက်ရောက်နိုင်သည်။

www.facebook.com/chindwincollege

| | | |
|---|---|---|
| Yangon | No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. | 01 297673, 298137 |
| Mandalay | Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. | 02 72179, 74179 |
| Taunggyi | No 57/16, Myat Yadanar Street, Yae Aye Kwin Quarter | 09 784 038 995, 784 038 996 |

# သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုသည် အရေးကြီး

**ရန်ကုန် ဇွန် ၂၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံ(Cyclone Shelter)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် အရေးပေါ် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ခိုလှုံနိုင်မည့်အခြေအနေ၊ စားနပ်ရိက္ခာများ သိုလှောင်ထားရှိနိုင်မည့်အခြေအနေနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီက ဖွင့်လှစ်ထားသည့် ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဂျပန်နိုင်ငံအခြေစိုက် INGO အဖွဲ့ဖြစ်သည့် SEED ASIA ၏ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ နယ်လှည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမန်နေဂျာ Mr.Shigehiro Shibata က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံ၌ ထောက်ပံ့ပေးလျက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



# နိုင်ငံတကာအထူးစိန်ခေါ်ပွဲ စိုးလင်းဦးက တာဝမ်ချိုင်းကို အလဲထိုး

**ရန်ကုန် ဇွန် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ ဇော်ပစ်တိုင်းထောင်နှင့် H & Group တို့မှ တာဝန်ယူကျင်းပသော ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး(၂၀၁၆)ကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

# ဇေယျာရွှေမြေအသင်း လေးပွဲဆက်အနိုင်ရ

**ရန်ကုန် ဇွန် ၂၆**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပသည်။

**(တောင်ကြီးကွင်း)**

**ဇေယျာရွှေမြေ - တစ်ဂိုး**

**ရှမ်းယူနိုက်တက် - ဂိုးမရှိ**

အဝေးကွင်းတွင် နောက်ကျဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ဇေယျာရွှေမြေအသင်းမှာ လေးပွဲဆက်နိုင်ပွဲရယူပြီး အမှတ်ပေးဇယား စတုတ္ထနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ဒုတိယအကျော့တွင် ရလဒ်ကောင်းများရရှိနေသည့် အသင်းနှစ်သင်း တွေ့ဆုံသောပွဲဖြစ်သောကြောင့် အပြန်အလှန်ရှိခဲ့သော်လည်း အိမ်ရှင် ရှမ်းယူနိုက်တက်အသင်းမှာ မထင်မှတ်ဘဲ ရှုံးနိမ့်ပြီး နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းမှာ နည်းပြ ဦးစိုးမြတ်မင်းလက်ထက်တွင် ပွဲထွက်ခွင့်ရနေသည့် ကစားသမားများဖြင့် ဇေယျာရွှေမြေကို ရင်ဆိုင်ခဲ့ပြီး ဇေယျာရွှေမြေအသင်းမှာလည်း ဗစ်တာ၊ မာစီယို၊ ဒီဒီ၊ ကောင်းစည်သူ၊ ရန်အောင်ဝင်းတို့ဖြင့် လူစုံခဲ့သည်။ ဒုတိယအကျော့တွင် သုံးပွဲဆက်အနိုင်ရထားသည့်အပြင် အသင်းကြီး နှစ်သင်းတွေ့ဆုံသော ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံးပွဲအစတွင် ထိန်းကစားခဲ့သည်။ ၁၀ မိနစ်နောက်ပိုင်းတွင်

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ○**


